# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ စနေနေ့ | အတွဲ(၆၅)၊ အမှတ်(၂၇၉)


## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ရင်ချင်းဆက်အမြွှာ အောင်မြင်စွာခွဲစိတ်မွေးဖွား

**နေပြည်တော် ဇူလိုင် ၁၀**

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ် ကြာအင်းကျေးရွာနေ ဒေါ်ပပလှိုင် အသက် ၃၂ နှစ်သည် သားဦးအမြွှာ ကိုယ်ဝန်ဖြင့် လှည်းကူးမြို့ပြည်သူ့ဆေးရုံ၌ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုခံယူခဲ့ပြီး ကိုယ်ဝန်ဆောင်ကာလ (၃၂) ပတ်ကျော်ချိန်တွင် ရေမွှာပေါက်ခြင်းကြောင့် ၂၀၂၆ ခုနှစ် ဇူလိုင် ၄ ရက်တွင် လှည်းကူးမြို့ပြည်သူ့ဆေးရုံမှတစ်ဆင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ် ဆေးရုံတက်ရောက်ခဲ့ပြီး ယင်းနေ့ည ၇ နာရီ ၅ မိနစ်တွင် ရင်ချင်းဆက်အမြွှာ မိန်းကလေးနှစ်ဦး (ဝမ်းဗိုက်နေရာမှ ဆက်နေသော

စာမျက်နှာ ၄ ကော်လံ ၄ ❐





ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## လူမှုကာကွယ်စောင့်ရှောက်ရေးသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရုံသာမက နိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်

**နေပြည်တော် ဇူလိုင် ၁၀**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

**ယနေ့ ဖတ် စ ရာ**


တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပ
လွှတ်တော်ရေးရာ ➤ ၈

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ
လွှတ်တော်ရေးရာ ➤ ၁၀


## ဟုမ္မလင်းမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ဟုမ္မလင်း ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်း ဒေသကြီး ဟုမ္မလင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်က ခေါင်ခမ်းအုပ်စု နားသဲကျေးရွာ (ဓမ္မာရုံ)၌ ကျင်းပရာ တက်ရောက်လာသည့် ကျေးရွာပြည်သူများက မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊

စာမျက်နှာ ၃ ကော်လံ ၅ ❍



## ဇမ္ဗူသီရိမြို့နယ်၌ (၇၉) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲများကျင်းပ



**နေပြည်တော် ဇူလိုင် ၁၀**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ (၇၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်(အကြို) ဟောပြောပွဲ၊ ပုံတူဆွဲပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့်ပြပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး


စာမျက်နှာ ၃ ကော်လံ ၅ ▼

## မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် ဇူလိုင် ၁၈ ရက်အတွင်း မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၀**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊

စာမျက်နှာ ၄ ကော်လံ ၁ ✻



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၁-၇-၂၀၂၆ ရက်နေ့မှ ၁၄-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ

❖ ရှေ့စာမှ

ဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး က လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံမဏ္ဍိုင် တစ်ခုဖြစ်ပြီး ပြည်သူအားလုံး လူမှုဘဝလုံခြုံမှုရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုပြီး အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုသည်မှာ လူတစ်ဦးချင်းနှင့် အိမ်ထောင်စုများကို စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍများတွင် အန္တရာယ်ကျရောက်နိုင်မှုများမှ ကြိုတင်ကာကွယ်ပေးရေး၊ အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ အပါအဝင် စီးပွားရေးအခွင့်အလမ်းများ မြှင့်တင်ပေးနိုင်ရေး၊ ရုတ်တရက်ဝင်ငွေဆုံးရှုံးမှုများနှင့် အရေးပေါ်အခြေအနေများကြောင့် ဖြစ်ပေါ်လာသည့် လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ အခက်အခဲအကျပ်အတည်းများ စီမံဖြေရှင်းနိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရက မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ အစီအမံများဖြင့် စနစ်တကျ ချမှတ်ဆောင်ရွက်ပေးရသည့် လုပ်ငန်းစဉ်များပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် အဓိကလုပ်ငန်းစဉ် (၈) ရပ်ဖြစ်သည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက် ၂ နှစ်အရွယ်အထိ ကလေးသူငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်း၊ ယင်းထောက်ပံ့ငွေကို အသက်ပိုကြီးသော ကလေးများအတွက် အဆင့်ဆင့်တိုးချဲ့ထောက်ပံ့ခြင်း၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးသော အစီအစဉ်များ ဆောင်ရွက်ခြင်း၊ အများပြည်သူအလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ လူမှုရေးပင်စင်အစီအစဉ်ဆောင်ရွက်ခြင်း၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များအား ထောက်ပံ့ခြင်းနှင့် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ရေးဆွဲထားရှိကြောင်း၊ အဆိုပါမဟာဗျူဟာစီမံချက်ကို လူမှုကာကွယ်စောင့်ရှောက်ရေး၏ အဓိကအပိုင်းကဏ္ဍ ၄ ရပ် တို့ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဝန်ကြီးဌာနများအလိုက် လက်ရှိဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းရပ်များ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပ ပရဟိတအဖွဲ့အစည်းများသာမက ပြည်သူများပါ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မဟာဗျူဟာလုပ်ငန်းစဉ်များအနက်မှ အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် လုပ်ငန်းစဉ်များကိုလည်း ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများရေးဆွဲပြီး ဆောင်ရွက်သွားကြရန် အထူးမှာကြားလိုကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ထုတ်ပြန်ခဲ့သည်မှာ ၁၀ နှစ်ကျော်ပြီဖြစ်သဖြင့် ပြန်လည်သုံးသပ်ကာ ခေတ်နှင့်လျော်ညီပြီး ပိုမိုခိုင်မာသည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ် တည်ဆောက်သွားရန် လိုအပ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေ ဆောင်ရွက်ပေးရမည့် လုပ်ငန်းရပ်များဖြစ်သကဲ့သို့ ပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများလည်းဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရုံသာမက နိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် “ မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်စေရ ” ဆိုသည့် ရည်မှန်းချက်ဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ ပိုမိုအားကောင်းလာစေရေးအတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို သုံးသပ်အကြံပြုဝိုင်းဝန်းဆွေးနွေးသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ရေရှည်တည်တံ့သော စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးမည့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် -၂၀၂၆ ကျင်းပ



**ပုသိမ် ဇူလိုင် ၁၀**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်ကြီးကြပ်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ဖိုရမ်-၂၀၂၆ (Ayeyarwady Investment Forum-2026)ကို ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသ၏ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ဦးစားပေးကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် ရင်းနှီးမြှုပ်နှံသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပုသိမ်စက်မှုစီမံကိန်း (Pathein Industrial Project) အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၁၀**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (၁/၂၀၂၆)အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပရာ အေဂျင်စီဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အေဂျင်စီအတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ပြင်ပအဖွဲ့အစည်းများမှ အေဂျင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အေဂျင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းနိုင်ရေး၊ အဓိကစွမ်းဆောင်ရည်ညွှန်းကိန်း (Key Performance Indicators–KPI) များ သတ်မှတ်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယနေ့ နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် မွန်ပြည်နယ် သထုံမြို့ရှိ အမှတ်(၈) စက်မှုသင်တန်းကျောင်း(သထုံ) သင်တန်းခန်းမ၌ ကျင်းပသည့် ရော်ဘာနည်းပညာ ကာလတိုသင်တန်းဆင်းပွဲကို နေပြည်တော် ရုံးအမှတ်(၃၀)မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

▼ ရှေ့စာမှ

ကော်မတီဥက္ကဋ္ဌ ဦးဇေနော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်နီလာစိုးက ပြိုင်ပွဲများပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် လူငယ်နှင့် စာဖတ်ခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများအား ဟောပြောဆွေးနွေးသည်။

ထို့နောက် ပုံတူဆွဲပန်းချီ ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပပြုလုပ်ရာ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင့်ဖူးခိုင် (ပြန်/ဆက်)**

○ ရှေ့စာမှ

ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ကျေးရွာသန့်ရှင်းသာယာလှပရေး စသည့် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးချက်များအပေါ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစိန်ဖေနှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံလှစိုးနှင့် သက်ဆိုင်ရာ ဌာနအလိုက် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် International Leadership College (ILC) မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အတူ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် International Leadership College (ILC) မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဦးရေ စုစုပေါင်း ၁၂၀ ကျော်အား ပြည်သူ့လွှတ်တော် အစည်းအဝေးပြီးချိန် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောင်းသူ ကျောင်းသားများအား အနာဂတ်လူငယ် အုတ်တစ်ချပ် သဲတစ်ပွင့် Video Clip ကို ဦးစွာပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုလို International Leadership College (ILC) မှ ဘွဲ့ကြို၊ မဟာဘွဲ့၊ ဒေါက်တာဘွဲ့ တက်ရောက်နေသော ကျောင်းသူ ကျောင်းသားများ ပါဝင်သည့် ပညာတတ်လူငယ်များ ဦးဆောင်၍ မိမိတို့ပြည်သူ့လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် လွှတ်တော်အနေဖြင့် လွန်စွာဂုဏ်ယူဝမ်းမြောက် ကြိုဆိုပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ မဲဆန္ဒနယ်အသီးသီးရှိ မဲဆန္ဒရှင်ပြည်သူများက မိမိတို့၏ ရပ်ရွာ၊ ဒေသအကျိုးကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ယုံကြည်အားကိုးစွာဖြင့် ဒီမိုကရေစီနည်းလမ်းအတိုင်း ရွေးကောက် တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များ စုဝေးရှိနေသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် နိုင်ငံ၏အကျယ်အဝန်း၊ လူဦးရေအပေါ်မူတည်ပြီး လွှတ်တော် နှစ်ရပ်စနစ် (bicameral) နှင့် လွှတ်တော်တစ်ရပ်စနစ် (unicameral) ဟူ၍ ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးပါကြောင်း၊ မြို့နယ်ကိုအခြေခံ၍ လည်းကောင်း၊ လူဦးရေကိုအခြေခံ၍ လည်းကောင်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များ ပါဝင်သည့် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှ ရွေးကောက်ပွဲဥပဒေနှင့်အညီ အချိုးကျ ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များပါဝင်သည့် အမျိုးသားလွှတ်တော်တို့ဖြစ်ပါကြောင်း၊ အဆိုပါလွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရသည့် ပြည်ထောင်စုလွှတ်တော်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း လွှတ်တော်တစ်ရပ်စီ ရှိကြပါကြောင်း။

လွှတ်တော်၏အဓိကလုပ်ငန်းတာဝန်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဥပဒေ၏ အကာအကွယ်အောက်တွင် ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဥပဒေပြုခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြည်သူများ၏လိုလားချက်၊ ဆန္ဒများကို ရုပ်လုံးဖော်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူကို ကိုယ်စားပြုဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသောမဏ္ဍိုင်များနှင့် အချင်းချင်း အပြန်အလှန်ထိန်းညှိပေါင်းစပ်ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း။

ထိုသို့ လွှတ်တော်၏ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကော်မတီများကို ဖွဲ့စည်းထားရှိပြီး ၎င်းကော်မတီများသည် လွှတ်တော်ငယ်များအဖြစ်လည်းကောင်း၊ ထောက်တိုင်များအဖြစ်လည်းကောင်း အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပါကြောင်း၊ ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် လွှတ်တော်တွင် ပညာရေးမြှင့်တင်မှုကော်မတီတစ်ရပ်ကို ထည့်သွင်းဖွဲ့စည်းထားပါကြောင်း၊ အဆိုပါကော်မတီတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်၊ အဓိကရည်မှန်းချက်များ ပညာရေးကဏ္ဍမြင့်မားစေရန် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

လွှတ်တော်သို့ လာရောက်လေ့လာကြသည့် ကျောင်းသူ ကျောင်းသားများအနေဖြင့်လည်း မိမိတို့၏ ရည်မှန်းချက်၊ မျှော်လင့်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်ကို ယုံကြည်အားကိုးကြစေလိုပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့၏ အနာဂတ်ခရီးခိုင်မာစေရေးအတွက် လွှတ်တော်နှင့် ယုံယုံကြည်ကြည် လက်တွဲဆောင်ရွက်ကြဖို့လည်း လွှတ်တော်က အမြဲတမ်းတံခါးဖွင့် ဖိတ်ခေါ်ပါကြောင်း၊ နောင်တွင် လွှတ်တော်၌ “လူငယ်စကားဝိုင်းများ၊ လူငယ်ဆွေးနွေးပွဲများ၊ Open Parliament ပုံစံများ” ပြုလုပ်မည့် အစီအစဉ်များလည်း ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပြည်သူ့လွှတ်တော်၏ အခန်းကဏ္ဍ၊ ဥပဒေပြုရေးအဆင့်ဆင့်၊ ပညာရေးကဏ္ဍများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က တက်ရောက်လာကြသည့် International Leadership College (ILC) မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၀**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud De Baecque၊ ဥပဒေရေးရာညှိနှိုင်းရေးမှူး Ms. Samindika Dilani Elkaduwe တို့အား ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း ICRC က အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဥပဒေ (International Humanitarian Law–IHL) အသိပညာပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဂျီနီဗာကွန်ဗင်းရှင်းအပေါ် မြန်မာဘာသာပြန်ဆိုချက် ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ IHL အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ ကျင်းပနိုင်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

❋ *ရှေ့ဖုံးမှ*

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

❒ *ရှေ့ဖုံးမှ*

Omphalopagus Type) ကို အောင်မြင်စွာ ခွဲစိတ် မွေးဖွားပေးနိုင်ခဲ့သည်။

အဆိုပါကလေးငယ်များသည် လမစေ့မီမွေးဖွားပြီး ရင်ချင်းဆက်အမြွှာ ကလေးများဖြစ်သဖြင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး မွေးကင်းစကလေး အထူးကြပ်မတ်ဌာန၌ ထားရှိကာ လိုအပ်သောကုသမှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့သည်။

ဇူလိုင် ၈ ရက်တွင် ခုတင်–၅၅၀ ဆံ့ ကလေးဆေးရုံကြီး (ရန်ကင်း)–ရန်ကုန်သို့ လွှဲပြောင်းကာ မွေးကင်းစအထူးကြပ်မတ်ကုသဌာန၌ ဆက်လက်၍ ပြုစုကုသစောင့်ရှောက်ပေးလျက်ရှိပြီး အဆိုပါ ရင်ချင်းဆက်အမြွှာကလေးများအား လိုအပ်သော ဆေးကုသမှုများ ဆောင်ရွက်ရန်နှင့် ခွဲစိတ်ကုသမှု (Separation Surgery) ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဦးဆောင်၍ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးနှင့် ခုတင်–၅၅၀ ဆံ့ ကလေးဆေးရုံကြီး(ရန်ကင်း)တို့မှ ဘာသာရပ်ဆိုင်ရာပညာရှင်များ ပါဝင်သော ဆေးကုသရေးအဖွဲ့ကို ဖွဲ့စည်းပြီး ကုသမှုများဆက်လက်ဆောင်ရွက်ပေးလျက် ရှိကာ ကလေးများ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇူလိုင် ၁၀**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) ရှိ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ ကျေးရွာအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ နန်းမြင့်မျှော်စင်နှင့် တိုင်းရင်းသားရိုးရာအိမ်များ ပြုပြင်ခြင်းလုပ်ငန်းများနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ မူလရိုးရာပုံစံမပျက် ရခိုင်ရိုးရာဝတ်စားဆင်ယင်မှုအဖွဲ့နှင့်တွေ့ဆုံပြီး ရိုးရာဝတ်စုံများ မူလရိုးရာမပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Ms. Ma Jia နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Ms. Ma Jia နှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပြည်ဝင်ဗီဇာ ကိစ္စရပ်များ အဆင်ပြေစွာ ဆောင်ရွက်နေမှု၊ တရုတ်လုပ်ငန်းရှင်များ အပါအဝင် တရုတ်နိုင်ငံသားများ အနေဖြင့် ပြည်ဝင်ဗီဇာအမျိုးမျိုးဖြင့် မြန်မာနိုင်ငံသို့ ဝင်ထွက်သွားလာမှုနှင့် ဝန်ကြီးဌာနအနေဖြင့် နေခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ဒေသနေပြည်သူများ နယ်စပ်ဂိတ်များမှတစ်ဆင့် တရားဝင်အပြန်အလှန် ဝင်ထွက်သွားလာမှု၊ မြန်မာနိုင်ငံအတွင်းသို့ တရုတ်နိုင်ငံသားများအပါအဝင် နိုင်ငံခြားသားများ တရားမဝင်ဝင်ရောက်၍ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် ဥပဒေနှင့်အညီရှာဖွေဖော်ထုတ်အရေးယူ ဆောင်ရွက်နေမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စများ အဆင်ပြေစေရေးအတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မော်လမြိုင်ကျွန်း၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေး

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကြောင်ထောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်းကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးရဲကျော်နှင့် တာဝန်ရှိသူများက အသက်(၁၀) နှစ်ပြည့်ပြီး ကျောင်းတက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့က ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။



**ရဲကိုမောင် (ပြန်/ဆက်)**

“ ဝန်ဆောင်မှုများ ကောင်းစေရေး ‘1111’ ကို ဖြေကြားပေး ”

## သာသနာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

သာသနာရေးဝန်ကြီးဌာန ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးလင်းအောင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် မန်ကျည်းပင်များ စိုက်ပျိုးကြပြီး အရာထမ်း၊ အမှုထမ်းများက မန်ကျည်းပင်များ စိုက်ပျိုးနေမှုနှင့် ယခင်နှစ်က စိုက်ပျိုးထားရှိသော မန်ကျည်းပင်များ ရှင်သန်ဖြစ်ထွန်းမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကူမဲမြို့အနီးရှိ ယုဇနတံတားအသစ်တည်ဆောက်ပြီးစီးသဖြင့် မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုနေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဇူလိုင် ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ယုဇနတံတားအသစ် တည်ဆောက်ပြီးစီးသဖြင့် မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုနေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်များကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျ ဖြတ်သန်းသွားလာစေရေး ကြီးကြပ်ဆောင်ရွက်ရန်နှင့် လမ်းဘေးဝဲ၊ ယာတွင် Master Plan အတိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို လျာထားချက်နှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး တံတားကြီးပေါ်မှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုအခြေအနေနှင့် တံတားအသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မြစ်ဆုံကြီးကျေးရွာအုပ်စုအနီး ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲ၊ ယာတွင် ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး တက်ရောက်လာသူများနှင့်အတူ သတ်မှတ်နေရာများ၌ ပျိုးပင်များကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါးစုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင် စိုက်ပျိုးပွဲတွင် ဖျောက်ဆိပ်ပင်၊ မဟော်ဂနီပင်၊ ခရေ၊ ကုက္ကို၊ စိန်ပန်းနှင့် မယ်ဇယ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လာအိုနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် အာဆီယံကလေးသူငယ်များဖိုရမ် ကလေးသူငယ်များဦးဆောင်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လှုပ်ရှားမှုများ

ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)

ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် နပျိုပြီး အနာဂတ်ကို ဆက်ခံကြရမည့် ကလေးသူငယ်များနှင့် လူငယ်ထု၏ အသံများသည် ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးပွဲများ၏ ရှေ့တန်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

ယနေ့ခေတ်လူငယ်များသည် အပြောင်းအလဲများကို ငြိမ်ခံစောင့်ကြည့်နေသူများ မဟုတ်ဘဲ ရေရှည်တည်တံ့ခိုင်မြဲပြီး ခံနိုင်ရည်ရှိသော အနာဂတ်တစ်ခုကို ကိုယ်တိုင်ထုဆစ်ပုံဖော်နေကြသည့် ရှေ့ဆောင်လမ်းပြများ ဖြစ်လာကြပါသည်။ ဤကဲ့သို့သော ဒေသတွင်း နိုးကြားတက်ကြွမှုကို ပြသသည့် အထင်ကရ သမိုင်းမှတ်တိုင် တစ်ခုအဖြစ် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ **“(၈) ကြိမ်မြောက် အာဆီယံ ကလေး သူငယ်များဖိုရမ် (8th ASEAN Children’s Forum – ACF)”** ကို “Children-led Climate Change Actions Towards a Resilient ASEAN Community” (ကလေးသူငယ်များ ဦးဆောင်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လှုပ်ရှားမှုများမှ ခံနိုင်ရည်ရှိသော အာဆီယံအသိုက်အဝန်းဆီသို့)ဟူသော ဆောင်ပုဒ်ဖြင့် အောင်မြင်ခမ်းနားစွာ ကျင်းပခဲ့ပြီးဖြစ်ပါသည်။

ဤကဲ့သို့သော ဒေသတွင်း လူငယ်ထုပညာရပ်ဆိုင်ရာ တွေ့ဆုံမှုများသည် နိုင်ငံတကာမူဝါဒများနှင့် ဟန်ချက်ညီညီ ပေါင်းစပ်လျက် ဒေသတွင်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအပြန်အလှန်ချိတ်ဆက်မှုကို မောင်းနှင်ပေးလျက်ရှိပါသည်။ ထို့ကြောင့် မိဘပြည်သူများနှင့် လူငယ်မောင်မယ်များ လေ့လာနိုင်စေရန်အတွက် အဆိုပါ အာဆီယံအဆင့်မြင့် လူငယ်ဖိုရမ်၏ နောက်ခံသမိုင်း၊ မဟာဗျူဟာမြောက် ရည်ရွယ်ချက်များ၊ မြန်မာကျောင်းသားကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်မှတ်တမ်း၊ ကဏ္ဍစုံဆွေးနွေးပွဲရလဒ်များနှင့် အနာဂတ်မျှော်မှန်းချက်များကို ဆန်းစစ်တင်ပြအပ်ပါသည်။

**အာဆီယံကလေးသူငယ်များဖိုရမ် (ACF) ၏ သမိုင်းဦးမြစ်ဖျားနှင့် အခြေခံသဘောတရားများ**

အာဆီယံကလေးသူငယ်များဖိုရမ် ဆိုသည်မှာ ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (UNCRC)ပါ အနှစ်သာရများကို ဒေသတွင်း လက်တွေ့ကျင့်သုံးနိုင်စေရန် စနစ်တကျဖွဲ့စည်းတည်ထောင်ထားသည့် နှစ်နှစ်တစ်ကြိမ်ကျင်းပသော အာဆီယံအဆင့်မြင့်လူငယ်ပလက်ဖောင်းတစ်ခုဖြစ်ပါသည်။ ဤဖိုရမ်ကို အဖွဲ့ဝင်နိုင်ငံများက အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပါသည်။ ဖိုရမ်၏ အခြေခံသဘောတရားမှာ ကလေးသူငယ်များကို သာမန်စောင့်ရှောက်မှု ခံယူရမည့်သူများအဖြစ် သတ်မှတ်ခြင်းမဟုတ်ဘဲ မိမိတို့၏ ဘဝအပေါ် သက်ရောက်နေသည့် အရေးကြီးသော ကိစ္စရပ်များကို ကိုယ်တိုင်ဆွေးနွေးဖော်ထုတ်နိုင်သည့် ထူးချွန်ထက်မြက်သော သော့ချက်ပိုင်ရှင်များအဖြစ် အပြည့်အဝအသိအမှတ် ပြုထားခြင်းဖြစ်ပါသည်။

သမိုင်းကြောင်းအရ ဤဖိုရမ်သည် ခေတ်အဆက်ဆက် ပေါ်ထွန်းလာသော ကမ္ဘာ့အကျပ်အတည်းများကို တိုက်ရိုက်ရင်ဆိုင်ဖြေရှင်းလေ့ရှိရာ ကျင်းပခဲ့သည့် (၈)ကြိမ်မြောက်ဖိုရမ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ပျက်စီးလာမှုနှင့် ရာသီဥတုဖောက်ပြန်မှု ဘေးအန္တရာယ်များအပေါ် မျိုးဆက်သစ်လူငယ်များ၏ စိုးရိမ်ပူပန်မှုများကို ရင်ဆိုင်ဖြေရှင်းခဲ့ကြပါသည်။ ဗီယင်ကျန်းမြို့တွင် ကျင်းပခဲ့သည့် အစီအစဉ်သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးမှ လူကိုယ်တိုင်တက်ရောက်လာသည့် ကလေးသူငယ်ကိုယ်စားလှယ်များနှင့်အတူ အွန်လိုင်းစနစ်ဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်သူများ စုစည်းကာ မူဝါဒများ ချမှတ်နိုင်ခဲ့ကြပါသည်။

**ဖိုရမ်ကျင်းပရခြင်း၏ ပင်မရည်ရွယ်ချက်များနှင့် မဟာဗျူဟာမြောက် ပန်းတိုင်များ**

(၈)ကြိမ်မြောက် အာဆီယံကလေးသူငယ်များ ဖိုရမ်၏အဓိကပန်းတိုင်မှာ ဒေသတွင်းရှိ လူငယ်ခေါင်းဆောင်များအကြား ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဘေးအန္တရာယ်များကို သိရှိနားလည်စေရန်၊ မိမိတို့လူမှုပတ်ဝန်းကျင် မြေပြင်ရှိစိန်ခေါ်မှုများကို မျှဝေရန်နှင့် အဆင့်မြင့်မူဝါဒချမှတ်သူများထံ ထိရောက်သော အကြံပြုချက်များ တင်ပြနိုင်မည့် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်ဖြစ်သည်။

- **ဒေသတွင်းနိုင်ငံအသီးသီးမှ ကလေးသူငယ်ခေါင်းဆောင်ငယ်များက ဒီဂျစ်တယ်ပလက်ဖောင်းများပေါ်တွင် လုံခြုံစိတ်ချစွာ ပညာသင်ကြားခွင့်နှင့် ရှင်သန်ခွင့်ရရှိရေး၊ နည်းပညာဖြင့် အလွဲသုံးစားလုပ်ခံရမှုများမှ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို အားကောင်းမောင်းသန် တက်ကြွစွာ ဆွေးနွေးဖော်ထုတ်သွားကြမည်**
- **ကျောင်းသားလူငယ်များသည် စနစ်တကျချမှတ်ထားသော ကာကွယ်စောင့်ရှောက်ရေးကျင့်ဝတ်စည်းကမ်းများအောက်တွင် မိမိတို့၏ ပင်ကိုစွမ်းရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် မလျှော့သော ဇွဲလုံ့လတို့ဖြင့် လက်တွဲပူးပေါင်းကာ ပိုမိုစိမ်းလန်းစိုပြည်ပြီး ဘေးကင်းလုံခြုံသောကမ္ဘာမြေကြီးကို မိမိတို့ကိုယ်တိုင် ထုဆစ်ပုံဖော်သွားနိုင်ကြမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်**

အထူးသဖြင့် အောက်ပါမဟာဗျူဟာမြောက် ရည်ရွယ်ချက်များနှင့် အဆင့်မြင့်ပုဂ္ဂိုလ်များ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ခဲ့ကြပါသည်-

- **ကလေးသူငယ်များ၏ ပါဝင်ခွင့်ကို မြှင့်တင်ခြင်း။** လာအိုအမျိုးသမီးသမဂ္ဂဥက္ကဋ္ဌ Mrs Aly Vong-norbountham က ကလေးသူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်များသာမက ရေရှည်တည်တံ့သော အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးတွင် ယနေ့ခေတ်၏ အဓိကသော့ချက်ပိုင်ရှင်များဖြစ်ကြောင်းနှင့် ကလေးများ ပါဝင်ခွင့်ရရှိရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံတကာ NGO များနှင့် အရပ်ဘက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့ပါသည်။
- **စွမ်းဆောင်ရည်နှင့် အသိပညာဗဟုသုတများ တိုးတက်စေခြင်း။** ရာသီဥတုပြောင်းလဲမှုဒဏ်ကို လျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ရှင်သန်ရေးနှင့် ရေရှည်တည်တံ့သော လူနေမှုပုံစံများအကြောင်း သိပ္ပံနည်းကျ အသိပညာများ ပံ့ပိုးပေးရန် အလုပ်ရုံဆွေးနွေးပွဲများ ဖော်ဆောင်ခြင်း။
- **မူဝါဒနှင့် ဝန်ဆောင်မှုကဏ္ဍများ မြှင့်တင်ခြင်း။** အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို ကိုယ်စားပြု၍ လာအိုအလုပ်သမားနှင့် လူမှုဖူလုံရေး ဒုတိယဝန်ကြီး Mr Padeumphone Sonthany က အာဆီယံမူဘောင်အတွင်း ကလေးသူငယ်များ ဘေးကင်းလုံခြုံစွာ မိမိတို့၏ အခွင့်အရေးနှင့် စွမ်းရည်များကို ဖော်ထုတ်နိုင်မည့် မူဝါဒ၊ ဥပဒေနှင့် လူမှုဝန်ထမ်းစနစ်များ မြှင့်တင်ရန် ကတိပြုခဲ့ပါသည်။
- **ဒေသတွင်း ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေခြင်း။** အရှေ့တောင်အာရှနိုင်ငံများအကြား ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို ကျဉ်းမြောင်းစေပြီး ရာသီဥတုဒဏ်ခံနိုင်သော အာဆီယံအသိုက်အဝန်းကြီး ပေါ်ထွန်းလာစေရန် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း။

**မြန်မာ့ဂုဏ်ဆောင် ကျောင်းသားကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်နှင့် အောင်မြင်မှုမှတ်တမ်း**

ဖိုရမ်တွင် ထူးခြားထင်ရှားသည့် ဂုဏ်ယူဖွယ်ရာ ကဏ္ဍမှာ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သည့် ကျောင်းသားလူငယ်များ၏ ထူးချွန်ပြောင်မြောက်သော စွမ်းဆောင်ရည်ပင် ဖြစ်ပါသည်။ ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ် (၁)မှ ကျောင်းသား **မောင်ရဲရင့်သူ**သည် နိုင်ငံတကာဆွေးနွေးပွဲအတွင်း အုပ်စုခေါင်းဆောင် (Group Leader) အဖြစ် တာဝန်ယူကာ မြန်မာ့ပညာရေးနှင့် ရာသီဥတုခံနိုင်ရည်ရှိမှုဆိုင်ရာ စာတမ်းများကို ရဲဝံ့တည်ကြည်စွာဖြင့် ဦးဆောင်တင်ပြခဲ့ပါသည်။ ၎င်း၏ ထူးချွန်ထက်မြက်လှသော တင်ပြမှုနှင့် ခေါင်းဆောင်မှု စွမ်းရည်ကြောင့် နိုင်ငံတကာကိုယ်စားလှယ်များအလယ်တွင် **“အကောင်းဆုံးစာတမ်းတင်ပြမှုဆု (Best Presentation Award)”**ကို ဆွတ်ခူးရရှိကာ နိုင်ငံတော်အတွက် ဂုဏ်ပြုဆုကို သယ်ဆောင်လာနိုင်ခဲ့ပါသည်။

မြန်မာလူငယ်ကိုယ်စားလှယ်များက ဤအစီအစဉ်တွင် မြန်မာ့ကျောင်းသားထု၏ အရည်အသွေးကို ကမ္ဘာကသိအောင် သက်သေပြနိုင်ခဲ့ပြီး အချင်းချင်း အပြန်အလှန် လေးစားတန်ဖိုးထားကာ အမိမြန်မာနိုင်ငံတော်အတွက် လွန်စွာဂုဏ်ယူမိကြောင်း ပြောကြားခဲ့ကြပါသည်။ အလားတူပင် ရန်ကုန်ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ မောင်နိုင်လင်းထွေးသည်လည်း တက်ကြွစွာ ပူးပေါင်းဆွေးနွေးခဲ့ပြီး နိုင်ငံတကာခေါင်းဆောင်ငယ်များနှင့် ရင်ပေါင်တန်းကာ မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲမှု၏ အနှစ်သာရကို မီးမောင်းထိုးပြနိုင်ခဲ့သည့်အတွက် ဤအစီအစဉ်သည် မြန်မာ့လူငယ်ထု၏ အခန်းကဏ္ဍကို အထူးမြှင့်တင်ပေးရာ ရောက်ခဲ့ပါသည်။

**ကဏ္ဍစုံဆွေးနွေးပွဲမှတ်တမ်းများနှင့် သုတေသနမူဝါဒဆိုင်ရာ ရလဒ်ကွင်းဆက်**

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပခဲ့သော ဤဖိုရမ်အတွင်း ကလေးသူငယ်ကိုယ်စားလှယ်များက အုပ်စုအလိုက် စနစ်တကျဆွေးနွေးပွဲများ ပြုလုပ်ကာ ရာသီဥတုပြောင်းလဲမှုနှင့် ကလေးသူငယ်အခွင့်အရေးများအကြား တိုက်ရိုက်ချိတ်ဆက်နေသည့် ပြဿနာရပ်များကို အောက်ပါအတိုင်း အပိုင်းကဏ္ဍကြီးလေးခုဖြင့် ပိုင်းခြားအဖြေရှာခဲ့ကြပါသည် –

1. **Session 1 (Me and Planet Earth – ကျွန်ုပ်နှင့်ကမ္ဘာမြေ)။** ကျန်းမာသန့်ရှင်းသော ပတ်ဝန်းကျင်တွင် ရှင်သန်ခွင့်နှင့် ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများအကြောင်း စနစ်တကျဆွေးနွေးခဲ့ကြပါသည်။
2. **Session 2 (Food Security and Nutrition– အစားအစာလုံခြုံမှုနှင့် အာဟာရပြည့်ဝမှု)။** ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍ ထိခိုက်ပြီး ကလေးငယ်များအပေါ် တိုက်ရိုက်သက်ရောက်နေသည့် အစားအစာမလုံလောက်မှုနှင့် အာဟာရချို့တဲ့မှု ပြဿနာများကို မီးမောင်းထိုးပြခဲ့ကြပါသည်။
3. **Session 3 (Migration and Child Protection– ရွှေ့ပြောင်းသွားလာမှုနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး)။** ရာသီဥတုဘေးအန္တရာယ်ကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်းနှင့် ယင်း၏နောက်ဆက်တွဲ လူကုန်ကူးခံရမှုအန္တရာယ်များမှ ကလေးသူငယ်များကို မည်သို့ဗျူဟာမြောက် ကာကွယ်စောင့်ရှောက်ရမည်ကို အဖြေရှာခဲ့ကြပါသည်။
4. **Session 4 (Climate Change Education – ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပညာရေး)။** ရေကြီးခြင်း၊ မြေပြိုခြင်းကြောင့် စာသင်ဆောင်များ ပျက်စီးပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားခွင့် ဆုံးရှုံးနေရသည့်အခက်အခဲများကို ဆွေးနွေးခဲ့ကြပါသည်။

ဤဆွေးနွေးပွဲများတွင် ကလေးသူငယ်ကိုယ်စားလှယ်များက ထိခိုက်လွယ်သော လူမှုအသိုင်းအဝိုင်းများ ရင်ဆိုင်နေရသည့် ကိုယ်တွေ့စိန်ခေါ်မှုများကို အပြန်အလှန်မျှဝေခဲ့ကြပြီး မိမိတို့၏ အကြံပြုချက်များနှင့် ကတိကဝတ်များ ပါဝင်သော **“ရာသီဥတုဆိုင်ရာ ကလေးသူငယ်များ ကြေညာစာတမ်း (Children's Declaration on Climate Action)”** ကို အောင်မြင်စွာ ဖော်ထုတ်တင်ပြနိုင်ခဲ့ကာ အဆိုပါကြေညာစာတမ်းအား အာဆီယံအစိုးရခေါင်းဆောင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံ မူဝါဒရေးဆွဲရန် တိုက်ရိုက်ပေးပို့ တင်ပြနိုင်ခဲ့ကြပါသည်။

**လိုက်နာရမည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ကျင့်ဝတ်စည်းကမ်းများနှင့် ယဉ်ကျေးမှု ဖလှယ်ခြင်း**

ဤဗီယင်ကျန်းဗဟိုဖိုရမ်၏ အထူးခြားဆုံးကဏ္ဍတစ်ခုမှာ ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ အလွန်တင်းကျပ်ပြတ်သားလှသော **“ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒနှင့် ကျင့်ဝတ်စည်းကမ်းများ (Child Safeguarding Policy and Code of Conduct)”** ကို စနစ်တကျချမှတ်ကျင့်သုံးခဲ့ခြင်းဖြစ်ပါသည်။ Mr. Souvanhthone Souvanna-chack နှင့် Ms. Chan Vilayvanh တို့ အပါအဝင် တာဝန်ရှိသူများဖြင့် ဖွဲ့စည်းထားသည့် အထူးကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (Child Safeguar-ding Team)က တက်ရောက်လာသူအားလုံးကို ကျင့်ဝတ်များအတိုင်း စောင့်ကြပ်ကြည့်ရှုခဲ့ကြပါသည်။

*စာမျက်နှာ ၇ သို့*

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံ့သာညွှေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပင်လယ်ကွေ့ပဋိပက္ခကြောင့် ဖြစ်ပေါ်နေသည့် စွမ်းအင်ဆိုင်ရာအခက်အခဲများကို ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စများ၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတို့သည် ရေပြင်၊ မြေပြင်နယ်နိမိတ်ချင်း ထိစပ်နေသောနိုင်ငံများဖြစ်သည့်အတွက် စွမ်းအင်ကုန်သွယ်မှုလုပ်ငန်းများတွင် အခွင့်အလမ်းကောင်းများရှိနေရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်း (Regional Grid) တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားရောင်းဝယ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်-မြန်မာ-ဘင်္ဂလားဒေ့ရှ်သုံးနိုင်ငံ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားကုန်သွယ်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမျိုးမြင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၀**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယမန်နေ့က ဟားခါး - ဖလမ်း လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစဉ် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများအား ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဦးစားပေးအလိုက် ဆောင်ရွက်သွားရန်၊ မိုးရာသီတွင် လမ်းမပေါ်၌ ရေမတင်စေရေး အလေးထား ဆောင်ရွက်ရန်၊ တောင်ပေါ်ဒေသလမ်းဖြစ်သည့်အတွက် မိုးတွင်းတွင် တောင်ပြို၍ လမ်းပြတ်တောက်မှု မရှိစေရေး တာဝန်ရှိသူ အဆင့်ဆင့်က ကြိုတင်စုဖွဲ့၍ အလေးထား ကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်သည်။

ပေးအပ်ပွဲတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် နေ့စဉ် ပုံမှန်လူနေမှုဘဝကို အတိုင်းအတာတစ်ခုအဖြစ် ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်က ကူညီပံ့ပိုးသော အခြေခံ လိုအပ်သည့် အိမ်ထောင်စု တစ်စုလျှင် လူသုံးကုန်ပစ္စည်း ၁၆ မျိုးပါ ကယ်ဆယ်ရေး ပစ္စည်းများနှင့် စားရေရိက္ခာများအား နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း၊ ထပ်မံဝင်ရောက်လာမည့် ပြည်သူများကိုလည်း ဆက်လက်ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားပြီး ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် အိမ်ထောင်စု ၂၀၀ အတွက် လက်ဝယ်အရောက် ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများကိုယ်စား မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး လိုအပ်ချက်များ တင်ပြမှုအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးကာ ပြည်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

## ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပမှုကို လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဖောင်းပြင်အမှတ် (၁) မဲဆန္ဒနယ်မှ ဦးတင်မင်းထွဋ် နှင့် International Leadership College မှ ဒေါက်တာမေဖူးပွင့်စိုး ဦးဆောင်သော ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၉၈ ဦး၊ စုစုပေါင်း ၉၉ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပမှုကို လာရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

## ရွှေကျင်နှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၀**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

ဆွေးနွေးပွဲ တက်ရောက်သူအားလုံးအနေဖြင့် ကလေးသူငယ်များ၏ ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုများ မရိုက်ကူးမီ မိဘ/အုပ်ထိန်းသူထံမှ ကြိုတင်ခွင့်ပြုချက် (Informed Consent) မဖြစ်မနေရယူရခြင်း၊ ကလေးငယ်များ၏ ဖုန်းနံပါတ် သို့မဟုတ် လူမှုကွန်ရက်လိပ်စာများကို တောင်းခံခွင့်မရှိခြင်းနှင့် ကလေးသူငယ်များနှင့် သီးခြားကျောခိုင်း အချိန်ဖြုန်းခြင်းမပြုရန် စသည့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ စည်းကမ်းချက်များကို တိကျစွာ လိုက်နာခဲ့ကြရပါသည်။

ဤကဲ့သို့သော လုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင်ကောင်းအောက်တွင် ဖိုရမ်၏ ဂုဏ်ပြုညစာစားပွဲ၌ မြန်မာ့ဂုဏ်ဆောင်ယဉ်ကျေးမှုဖလှယ်ခြင်းအစီအစဉ်ကို ကျင်းပခဲ့ရာ မြန်မာလူငယ်ကိုယ်စားလှယ်များဖြစ်ကြသည့် ကျောင်းသား မောင်ရဲရင့်သူနှင့် မောင်နိုင်လင်းထွေးတို့သည် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုကို ကမ္ဘာသိအောင် ဖော်ထုတ်ပြသသည့်အနေဖြင့် **"သင်္ကြန်မိုး"** သီချင်းဖြင့် လှပတင့်တယ်၊ တက်ကြွစွာ သီဆိုကပြဖျော်ဖြေခဲ့ရာ ဒေသတွင်းနိုင်ငံများ၏ တစ်ခဲနက်ချီးကျူးဂုဏ်ပြုမှုကို ရရှိခဲ့ပြီး မြန်မာ့လူငယ်များ၏ ထူးချွန်ထက်မြက်မှုကို နိုင်ငံတကာစင်မြင့်ထက်တွင် အောင်မြင်စွာ သက်သေပြနိုင်ခဲ့ကြပါသည်။

**ရှေ့သို့လှမ်းချီ အနာဂတ်ခရီးစဉ်- ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၉)ကြိမ်မြောက် အာဆီယံကလေးသူငယ်များဖိုရမ် (၂၀၂၆)**

အာဆီယံဒေသတွင်း မျိုးဆက်သစ်ကလေးသူငယ်များ၏ ဘဝလုံခြုံရေး၊ အခွင့်အရေးများနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဖော်ဆောင်နိုင်ရန်အတွက် (၉) ကြိမ်မြောက် အာဆီယံကလေးသူငယ်များဖိုရမ် (9th ASEAN Children's Forum – 2026)အား ဆက်လက်ကျင်းပရန် မဟာဗျူဟာမြောက် စနစ်တကျလျာထားပုံဖော်ပြီးဖြစ်ပါသည်။ အနာဂတ်ခရီးစဉ်သစ်အတွက် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် ခမ်းနားထည်ဝါစွာ တာဝန်ယူ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါဖိုရမ်ကြီးအား ၂၀၂၆ ခုနှစ်၊ ဩဂုတ်လတွင် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အဆင့်ဆင့်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားရန် ကာလအပိုင်းအခြား သတ်မှတ်ထားရှိပြီးဖြစ်ပါသည်။

ထူးခြားထင်ရှားလှသော ပင်မဆောင်ပုဒ်နှင့် ဦးတည်ချက် (Main Theme /Focus) အနေဖြင့် ဤ၂၀၂၆ ပရိုဂရမ်သည် အာဆီယံလူမှု- ယဉ်ကျေးမှုအသိုက်အဝန်း(ASCC)၏အနီးကပ်ဦးဆောင်မှုအောက်တွင် ဒီဂျစ်တယ်ခေတ်ရေစီးကြောင်းနှင့် နည်းပညာထွန်းကားလာမှုနောက်ကွယ်၌ ကလေးသူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် ဘေးအန္တရာယ်များနှင့် စိန်ခေါ်မှုများကို ထိရောက်ပြတ်သားစွာ တိုက်ရိုက်ဖြေရှင်းနိုင်ရန် ရည်ရွယ်ထားရှိပါသည်။ ထို့ကြောင့် (၉) ကြိမ်မြောက် ဖိုရမ်တွင် **"အာဆီယံဒေသတွင်း ကလေးသူငယ်များအား အွန်လိုင်းအလွဲသုံးစားမှုနှင့် ခေါင်းပုံဖြတ်မှု အန္တရာယ်အရပ်ရပ်မှ ကာကွယ်စောင့်ရှောက်ရေး (Child Online Pro-tection and Safe-guarding Framework 2026- 2030)"**ကို ပင်မဗဟိုချက်မအဖြစ် ခိုင်မာစွာ အခြေပြုထားရှိမည်ဖြစ်ပါသည်။

ဒေသတွင်းနိုင်ငံအသီးသီးမှ ကလေးသူငယ်ခေါင်းဆောင်ငယ်များက ဒီဂျစ်တယ်ပလက်ဖောင်းများပေါ်တွင် လုံခြုံစိတ်ချစွာ ပညာသင်ကြားခွင့်နှင့် ရှင်သန်ခွင့်ရရှိရေး၊ နည်းပညာဖြင့် အလွဲသုံးစားလုပ်ခံရမှုများမှ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို အားကောင်းမောင်းသန် တက်ကြွစွာ ဆွေးနွေးဖော်ထုတ်သွားကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

အာဆီယံကလေးသူငယ်များဖိုရမ်၏အောင်မြင်မှုရလဒ်များသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ လူငယ်မောင်မယ်များအားလုံးအတွက် ကြီးမားသော ခွန်အားနှင့် စံနမူနာကောင်းဖြစ်ပါသည်။ အနာဂတ်ကမ္ဘာမြေကို အမွေဆက်ခံပိုင်ဆိုင်ကြမည့် လူငယ်များက ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုဟူသော စိန်ခေါ်မှုကြီးကို ရဲဝံ့စွာ ရင်ဆိုင်ကျော်ဖြတ်နေကြပြီဖြစ်ပါသည်။

ကျောင်းသားလူငယ်များသည် စနစ်တကျချမှတ်ထားသော ကာကွယ်စောင့်ရှောက်ရေးကျင့်ဝတ်စည်းကမ်းများအောက်တွင် မိမိတို့၏ ပင်ကိုစွမ်းရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် မလျှော့သော ဇွဲလုံ့လတို့ဖြင့် လက်တွဲပူးပေါင်းကာ ပိုမိုစိမ်းလန်းစိုပြည်ပြီး ဘေးကင်းလုံခြုံသောကမ္ဘာမြေကြီးကို မိမိတို့ကိုယ်တိုင် ထုဆစ်ပုံဖော်သွားနိုင်ကြမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါသည်။ လူငယ်များ၏တက်ကြွသော ရှေ့ဆောင်လှုပ်ရှားမှုများ၊ စံပြကိုယ်ကျင့်တရားများနှင့် ပြည့်ဝသောအသိဉာဏ်များဖြင့် အနာဂတ်ကမ္ဘာကြီးကို ထွန်းလင်းပြောင်စေမည့် နေ့ရက်များဆီသို့ ဝင့်ထည်စွာ လှမ်းချီနိုင်ကြပါစေကြောင်း လေးစားစွာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။

**ဒေသတွင်း မျိုးဆက်သစ် လူငယ်ကိုယ်စားလှယ်များနှင့် အနာဂတ်ကမ္ဘာမြေကြီး ထာဝရစိမ်းလန်းစိုပြည်တောက်ပပါစေ။** ။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက် အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယ ဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**(ယာပုံ)**



အစည်းအဝေးတွင် တရားရုံးများ အဂတိကင်းစင်ရေးညွှန်းကိန်းများ သတ်မှတ်ပေးရေး၊ လမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ စားသုံးသူရေးရာ ကာကွယ်ရေးဥပဒေကို ဖြည့်စွက်ပြင်ဆင်ပေးရေး၊ ရေဘေးလွတ်ရာသို့ ကျေးရွာပြောင်းရွှေ့ပေးနိုင်ရေး၊ ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးရေး၊ ငါးဖမ်းစက်လှေများ၏ ကမ်းနီးဝင်ရောက်ငါးဖမ်းမှုကို ဥပဒေအရ ထိရောက်စွာ တားဆီးအရေးယူပေးရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် အစီအမံများ ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **တရားသူကြီးများ၏ ကျင့်ဝတ်ဖောက်ဖျက်မှုနှင့် အဂတိလိုက်စားမှုများကို တိုင်ကြားနိုင်သည့် လွတ်လပ်သော တိုင်ကြားစာယန္တရားအား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် တရားရုံးအဆင့်ဆင့်၏ အဂတိကင်းစင်မှုနှင့် အရည်အသွေးကို တိုင်းတာသည့် ညွှန်းကိန်းများ သတ်မှတ်ထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုက မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးကာလ၌ အဂတိလိုက်စားခြင်းများကို တားမြစ်ရန် ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအသစ်ကို ၂၀၁၃ ခုနှစ်တွင်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူမည်သူ့ကိုမဆို ကင်းလွတ်ခွင့်ပေးထားခြင်းမရှိကြောင်း။

မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများတွင် တာဝန်ထမ်းဆောင်ကြသည့် တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာကြရသည့်အပြင် တစ်ဖက်တွင်လည်း တရားစီရင်ရေးကျင့်ဝတ်များကို လိုက်နာရန် တာဝန်ရှိပါကြောင်း၊ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ကိုလည်း ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူရန်မသင့်၍ လွှဲပြောင်းပေးသည့် တိုင်စာများ၊ နိုင်ငံတော်သမ္မတရုံးက လွှဲပြောင်းပေးပို့သည့် တိုင်စာများ၊ မိမိတို့ဌာနသို့ တိုက်ရိုက်တိုင်ကြားသည့် တိုင်စာများအပေါ်တွင် ကျင့်ဝတ်ဖောက်ဖျက်မှု၊ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်မှုများရှိကြောင်း အခြေအမြစ်ရှိပါက ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဌာနဆိုင်ရာ ပြစ်ဒဏ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားရေးအရာရှိများနှင့် ဝန်ထမ်းများအပေါ် ပြစ်ဒဏ်ချမှတ်ခဲ့သည့် အချက်အလက်များကိုလည်း တရားရုံးနှစ်စဉ်အစီရင်ခံစာများတွင် ပွင့်လင်းမြင်သာစွာ ထည့်သွင်းဖော်ပြလျက်ရှိပါကြောင်း။

တရားရုံးအဆင့်ဆင့်၏ အဂတိကင်းစင်မှုနှင့် အရည်အသွေးကို တိုင်းတာသည့် ညွှန်းကိန်းများ သတ်မှတ်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ရပ်အဖြစ် မှတ်သားထားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အကြံဉာဏ်များရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရားသူကြီးများ၏ ကျင့်ဝတ်ဖောက်ဖျက်မှုများနှင့် အဂတိလိုက်စားမှုများကို တိုင်ကြားနိုင်သည့် လွတ်လပ်သော တိုင်ကြားစာယန္တရားများအား ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် (ခ) ဦးဒီလုံး၏ **နမ့်စန်မြို့နယ်ရှိ မိုင်းစိတ်-နောင်စန့် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန်နှင့် မိုင်းစိတ်-နောင်စန့်- ဟွေဆိုင်း-ညောင်ပင်သာ- ဈေးကုန်း(နောင်ဘို) ကျေးရွာလမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက မိုင်းစိတ်-နောင်စန့်-ဟွေဆိုင်း - ညောင်ပင်သာ - ဈေးကုန်း(နောင်ဘို) ကျေးရွာချင်းဆက်လမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ အဆိုပါကျေးရွာချင်းဆက်လမ်း၏ ကိုးမိုင်တွင် ရှစ်မိုင်မှာ ကျောက်ခင်းပြီးဖြစ်၍ ကျောက်ခင်းရန်ကျန်ရှိသည့် မိုင်းစိတ်နှင့် နောင်စန့်လမ်းပိုင်း မြေသားလမ်းတစ်မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် ကျန်ရှိပါကြောင်း။

အဆိုပါမြေလမ်း တစ်မိုင်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ကျောက်လမ်း ရှစ်မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို လာမည့်ဘဏ္ဍာနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် ပြည်နယ်အစိုးရရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သန်လျင်မဲဆန္ဒနယ်မှ ဦးမိုးမြင့်၏ **စားသုံးသူရေးရာကာကွယ်ရေးဥပဒေတွင် လုပ်ငန်းရှင်များမှ ရောင်းချသည့်ဈေးနှုန်းနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက စားသုံးသူများအား ကာကွယ်ပေးနိုင်သည့် အချက်အား စားသုံးသူအခွင့်အရေးတွင် ဖြည့်စွက်ပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက စားသုံးသူကာကွယ်ရေး နည်းဥပဒေကို ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ရည်ရွယ်ချက်များအနက် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များဘက်မှလည်း ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်တို့ ပါဝင်ပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေတွင် ကုန်စည်များအပြင် ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုကို အကာအကွယ်ပေးထားပါကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များကိုလည်း စားသုံးသူကာကွယ်ရေးဥပဒေပါ လုပ်ငန်းရှင်များ၏ တာဝန်များကို သိရှိလိုက်နာစေရန်နှင့် ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် အသိပညာပေးဆွေးနွေးပွဲများကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ စားသုံးသူများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူရာတွင် ဈေးနှုန်းအပါအဝင် အရည်အသွေးများနှင့် ကျန်းမာရေးဆိုင်ရာ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးရေးအရာရှိများကို တာဝန်ပေးအပ်ထားပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ တွင် ဈေးနှုန်းနှင့်ပတ်သက်၍ စားသုံးသူအခွင့်အရေးကို ကာကွယ်ပေးနိုင်ရေး ထည့်သွင်းပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသဖြင့် စားသုံးသူကာကွယ်ရေးဥပဒေတွင် လုပ်ငန်းရှင်များမှ ရောင်းချသည့် ဈေးနှုန်းနှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက စားသုံးသူများအား ကာကွယ်ပေးနိုင်သည့် အချက်အား ထပ်မံဖြည့်စွက်ပြဋ္ဌာန်းပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မိုးညိုနှင့် ကြို့ပင်ကောက်မြို့နယ်ချင်းဆက်လမ်းအား ဂဝံခင်းခြင်းနှင့် လမ်းပခုံးချဲ့ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ငါးကျိုး-အင်းပွားကြီး-ရွာသာယာလမ်းသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး မြေသားလမ်းအရှည် သုံးမိုင်အား မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၅၂၈ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ သွားလာရေး အဆင်ပြေချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ငွေကျပ်သန်း ၈၀ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအပေါ် အခြေခံပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှု လိုအပ်ချက်၊ ရွေးချယ်မှုအပေါ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဂဝံ တစ်မိုင်ခင်းခြင်း လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိ ဖလုံ-မြိုင်ဟော‌ဝန်လမ်းမကြီးမှ ဂေါ်ရင်ဂျီကုန်းကျေးရွာသို့ ဆက်သွယ်သောလမ်းအား ကွန်ကရစ်ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တိုက်ကြီးမြို့နယ် ဖလုံ - ဂေါ်ရင်ဂျီကုန်းလမ်း တစ်မိုင်အား ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ်သန်း ၁၂၁၂ ဒသမ ၆၄ ကုန်ကျမည်ဖြစ်ပါကြောင်း၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှုလိုအပ်ချက်၊ ရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဦးစားပေးစဉ်သည့်အတိုင်း လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှနှင့် အုတ်ဖိုမြို့နယ်ဆက်သွယ်သည့် လမ်းပေါ်ရှိ အိုးသည်ကုန်းမြို့၊ ဗိုလ်တန်းလမ်းမှ အုန်းနဲ့ချောင်းကျေးရွာအကျော် ကွန်ကရစ်လမ်းအထိအား ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့သို့ ဆက်သွယ်သည့်လမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး လမ်းအရှည် ၃ မိုင် ၂ ဖာလုံကျော်ရှိပါကြောင်း။

အဆိုပါလမ်းအရှည် ၁ မိုင် ၄ ဒသမ ၂၇ ဖာလုံသည် ယခုအခါ ပျက်စီးလျက်ရှိပြီး ၁၂ ပေအကျယ်၊ ခုနစ်လက်မထု ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၄၂၉ သန်းကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် သွားလာမှုအဆင်ပြေစေရန် ဘီးလမ်းနှစ်ခုကြား မြေနီခင်းခြင်းလုပ်ငန်း၊ လမ်းပခုံးများပြုပြင်ခြင်းနှင့် လမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်လမ်းပိုင်းအား လာမည့်ဘဏ္ဍာနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ မြို့လုလင်-ဆူးတပ်ကြီး - မိုးကောင်းကျေးရွာချင်းဆက်လမ်း လေးမိုင်ခန့်အား ကျောက်ချောလမ်း၊ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက လာမည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြို့သစ်မြို့နယ်၊ မြို့လုလင်-ဆူးတပ်ကြီး-မိုးကောင်းကျေးရွာချင်းဆက်လမ်းသည် မြေနီလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ အဆိုပါမြေနီလမ်းအရှည် လေးမိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ငွေကျပ် သန်း ၁၃၀၀ ခန့်ကုန်ကျမည်ဖြစ်ပါကြောင်း၊ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ငွေကျပ် ၃၅၄၄ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား သွားလာမှုချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ငွေကျပ် ၁၃၃ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသတ်အတွင်းမှ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ထပ်မံလိုအပ်သည့် ဘဏ္ဍာငွေအား ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအပေါ် အခြေခံပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှုလိုအပ်ချက်၊ ရွေးချယ်မှုအပေါ် ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဦးစားပေးစီစဉ်သည့်အတိုင်း ပြင်ဆင်ထိန်းသိမ်းနိုင်ရေး လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၏ **ပျဉ်းမနားမြို့နယ်၊ သာယာစုကျေးရွာအား ရေဘေးလွတ်နိုင်မည့် သင့်တော်သောမြေနေရာသို့ ရွှေ့ပြောင်းရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက ဘုန်းကြီးကျောင်း၊ မူလတန်းလွန်ကျောင်းနှင့် လူထုခန်းမများပါဝင်သည့် မြေဧရိယာသတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာသည် ကူးတို့ဆိပ်ကျေးရွာအုပ်စု၊ ပေါင်းလောင်းမြစ်အရှေ့ဘက်တွင်ရှိပြီး ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာတွင် တည်ရှိပါကြောင်း။

သာယာစုကျေးရွာ ရွှေ့ပြောင်းနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ပျဉ်းမနားခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှဦးဆောင်၍ ၂၀၂၆ ခုနှစ် မတ် ၁၂ ရက်တွင် ကူးတို့ဆိပ်ကျေးရွာအုပ်စု၊ သာယာစုကျေးရွာသို့ကွင်းဆင်း၍ ကျေးရွာနေပြည်သူများနှင့်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

တွေ့ဆုံညှိနှိုင်းခဲ့ရာ ကျေးရွာနေပြည်သူများက ပထမဦးစားပေးမြေနေရာဖြစ်သော မြေလွတ်၊ မြေရိုင်းဧက ၃၆ နေရာသို့သာ ပြောင်းရွှေ့လိုကြောင်း၊ ၎င်းနေရာသည် မြေလွတ်၊ မြေရိုင်းစိုက်ပျိုးလုပ်ပိုင်ခွင့်လျှောက်ထားသူ ၁၂ ဦး လက်ရှိစိုက်ပျိုးလျက်ရှိသောကြောင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ-၂၅(ခ)နှင့်အညီ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော စိုက်ပျိုးမြေများ ပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့် ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ၎င်းတို့၏ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း။

ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိနိုင်ရေးအတွက် ဥပဒေပုဒ်မ-၂၅(ခ)နှင့်အညီ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသူ တောင်သူ ၁၂ ဦးနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ကျေးရွာပြောင်းရွှေ့နိုင်ရေးနှင့် ကျေးရွာပြောင်းရွှေ့စဉ် ကုန်ကျစရိတ်များအား နိုင်ငံတော်အစီအစဉ်ဖြင့်သာ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး ကျေးရွာနေပြည်သူများက တင်ပြထားရှိပြီး ပြောင်းရွှေ့ခွင့်ရရှိခဲ့ပါကရေရှည် ၃ နှစ်စီမံကိန်းဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတထံသို့ လမ်းညွှန်မှုခံယူ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါလုပ်ငန်းမြေနေရာ ဧက ၂၀ ကျော်အား သက်ဆိုင်ရာဌာနမှ စွန့်လွှတ်ကာ ယာဉ်ရပ်နားစခန်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဝမ်းတွင်းမြို့နယ် ဝါလုပ်ငန်းမြေနေရာ ဧက ၂၀ သည် ရန်ပုံငွေခွင့်ပြုသုံးစွဲခွင့်ရသည့်အချိန်တွင် မြို့နယ်ဦးစီးမှူးရုံးနေရာအား တောင်သူများ ဝင်ထွက်သွားလာရလွယ်ကူသည့် ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးရှိ မြို့မစိုက်ပျိုးရေးပညာပေးစခန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် အစီအစဉ်ရှိခြင်း၊ တောင်သူများအား လက်တွေ့ပညာပေးပြသနိုင်ရန် မိုးချည်မျှင်ရှည်ဝါ၊ မိုးနှမ်း၊ မိုးနေကြာနှင့် ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာစံပြကွက်များ စိုက်ပျိုးရန် စီစဉ်ထားရှိခြင်း၊ ထို့ပြင် ချည်မျှင်ရှည်ဝါကို တစ်ချိန်တည်းရိတ်သိမ်းနိုင်သည့် နည်းပညာသုံးစိုက်ခင်းပြုလုပ်ကာ စက်ဖြင့်ဝါရိတ်သိမ်းနိုင်ရေး ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်နေပါသဖြင့် ဝါလုပ်ငန်းမြေနေရာ (မြို့မစိုက်ပျိုးရေးပညာပေးစခန်း) ဧက ၂၀ ကျော်အား စွန့်လွှတ်ရန်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘုတ်ပြင်မဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်၏ **ပင်လယ်ကမ်းဝေး ငါးဖမ်းစက်လှေများသည် ကမ်းနီးတွင် လာရောက်ဖမ်းဆီးနေခြင်းများအတွက် ဥပဒေအရ မည်ကဲ့သို့တားဆီးဆောင်ရွက်မည်ကို အသေးစိတ်ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသော ကမ်းဝေးငါးဖမ်း၊ ငါးသယ်ရေယာဉ်များအား ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ် (VMSကိရိယာ)ဖြင့် ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) VMS Control Center အပါအဝင် ခြောက်နေရာ၊ တပ်မတော်(ရေ)မှ VMS Center ရှစ်နေရာ၊ ရေကြောင်းရဲတပ်ဖွဲ့မှ VMS Center နှစ်နေရာနှင့် ကမ်းခြေစောင့်တပ်ဖွဲ့မှ VMS Center နှစ်နေရာ၊ စုစုပေါင်း ၁၈ နေရာမှ စောင့်ကြပ်ကြည့်ရှုစစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းနီး၊ ကမ်းဝေးငါးလုပ်ငန်းရေပြင် သတ်မှတ်မျဉ်းအား GIS Coordinate Points 70 မှ 80 အထိ သတ်မှတ်ထားပြီး ကျွန်းများအား ကမ်းနီးရေပြင်အတွင်း ထည့်သွင်းရေးဆွဲထားရှိပါကြောင်း၊ ၂၀၂၆ ခုနှစ်တွင် ကမ်းဝေးရာသီပိတ်ကာလအဖြစ် ဧပြီ၊ မေနှင့် ဇွန်လတွင် သတ်မှတ်ထားရှိပါကြောင်း၊ ကမ်းဝေးငါးဖမ်းရာသီဖွင့်ကာလများဖြစ်သည့် ဇူလိုင်မှ မတ်လကာလများအထိ ဘုတ်ပြင်မြို့နယ်တွင် အလယ်မန်ကျွန်း၏ အနောက်ဘက်၊ အောင်ဘာလေကျွန်းအနီး၊ ပါဝယ်ကျွန်းအနီး၊ သဃ်န်းကျွန်းအနီး၊ လငန်းကျွန်းအနီး၊ ကော့ရဲကြီးကျွန်းအနောက်ဘက်၊ လန်ပိကျွန်းအနီး၊ ကော့ရဲငယ်ကျွန်းနှင့် ဆင်ကျွန်းအကြား စသည့်နေရာများတွင်လည်းကောင်း၊ ကျွန်းစုမြို့နယ်တွင် မင်းကြီးကျွန်း၊ ကျားကြီးအော်၊ ဒုံးပုလဲအော်၊ သမီးလှကျွန်း စသည့်နေရာများတွင်လည်းကောင်း တရားမဝင် ကမ်းနီးဝင်ရောက်ငါးဖမ်းဆီးမှုများ အဓိကဖြစ်ပေါ်လျက်ရှိသဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

တရားမဝင်/စည်းကမ်းပျက် ငါးဖမ်း/ငါးသယ်ရေယာဉ်များအား အရေးယူဆောင်ရွက်ရာတွင် ထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်ရေး ဥပဒေရေးရာဝန်ကြီးဌာန၏ သဘောထားအကြံပြုချက်များရယူပြီး မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရ ယခင်ချမှတ်ခဲ့သော ပြစ်ဒဏ်ထက် ပိုမိုထိရောက်သော ပြစ်ဒဏ်သတ်မှတ်ချက်များကို ထုတ်ပြန်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင်မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေကို ခေတ်နှင့်အညီဖြစ်စေရေးအတွက် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အသစ်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **ကူမဲမြို့-ရန်ကုန်-မန္တလေးလမ်းမှ ကင်းတားဆည်သို့ဆက်သွယ်ထားသော ကတ္တရာလမ်းကြီး ပျက်စီးနေ၍ ထပ်ပိုးခင်းပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကူမဲမြို့ ရန်ကုန်-မန္တလေးလမ်းမကြီးမှ ကင်းတားဆည်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ၂၁ မိုင် ကတ္တရာလမ်းကြီးသည် ရန်ကုန်- မန္တလေး လမ်းဟောင်းပေါ်ရှိ ကူမဲမြို့အနီးမှ ကင်းတားဘက်စုံရေလှောင်တမံသို့ ဆက်သွယ်ထားသောလမ်းဖြစ်ပြီး အရှည် ၂၁ မိုင်၊ အကျယ် ၁၈ ပေရှိသည့် ကတ္တရာလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ အနီးပတ်ဝန်းကျင် ကျောက်တောင်များမှ မြစ်သားမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့ရှိ ကျေးရွာများသို့ ကျောက်ထုတ်လုပ်သယ်ပို့ခြင်း၊ ဂဝံမြေများ သယ်ပို့ခြင်း၊ ချောင်းရိုးများမှ သဲထုတ်လုပ်သယ်ပို့ခြင်းလုပ်ငန်းများ အသုံးပြုခြင်းကြောင့် ကတ္တရာများပေါက်ပြဲခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကူမဲမြို့မှ ကင်းတားရေလှောင်တမံသို့ ဆက်သွယ်ဖောက်လုပ်ထားသော ၂၁ မိုင် ကတ္တရာလမ်းကြီးတွင် ပြုပြင်ရန်လိုအပ်သည့် ခြောက်မိုင် ခုနစ်ဖာလုံကို လမ်းမျက်နှာပြင်အကျယ် ၁၈ ပေဖြင့် ကတ္တရာလမ်းအဖြစ် ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်ကာ ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီးရန်ပုံငွေတွင် ဘဏ္ဍာနှစ်အလိုက် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအခြေအနေပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အရ အပိုင်းလိုက် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍတိုးတက်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူအများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ၂၀၂၆-၂၀၃၀ အရ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အစီအမံအဖြစ် တိရစ္ဆာန်ကာကွယ်ဆေးများထုတ်လုပ်ခြင်း၊ ရောဂါစောင့်ကြည့်စစ်ဆေးခြင်း၊ တန်ဖိုးမြင့်မွေးမြူရေး ထုတ်ကုန်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်းများ ရေးဆွဲထားရှိခြင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်လမ်းညွှန်ချက်များ ပြုစုခြင်းနှင့် လက်တွေ့လိုက်နာကျင့်သုံးခြင်း၊ ကျေးရွာအခြေပြုတိရစ္ဆာန်ကျန်းမာရေးလုပ်သားများ ပေါ်ထွက်လာရန် အားပေးဆောင်ရွက်ခြင်း၊ စားကျက်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ဖော်ထုတ်ခြင်း၊ အသေးစားမွေးမြူရေးလုပ်ငန်းများ ဒေသမျိုးရင်း ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်များကို မွေးမြူရေးစံပြကွက်များ တည်ထောင်ပြသခြင်း၊ နို့စားနွားမွေးမြူရေးအတွက် လိုအပ်သောအကူအညီများကိုတောင်သူများလက်ဝယ်သို့ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အလားတူ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူအများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မွေးမြူထုတ်လုပ်မှုအခြေအနေနှင့် စားသုံးမှုအား ချိန်ညှိနိုင်ရန် ရည်ရွယ်၍ တိုးချဲ့မွေးမြူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိခြင်း၊ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ တိုးပွားရေးအတွက် မေထုန်မဲ့သားစပ်လုပ်ငန်းဆောင်ရွက်ခြင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ များပြားလာစေရေး၊ တိရစ္ဆာန်များ၏ အသား၊ နို့၊ ဥ ထုတ်လုပ်နိုင်စွမ်းမြင့်မားစေရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ နေပြည်တော်အား ဗဟိုပြုပြီး ဆက်စပ် မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပြီး အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ သိုး၊ ဆိတ်၊ အသားတိုးဝက်၊ ဥစားကြက်၊ ဒေသကြက် တိုးချဲ့မွေးမြူရေး၊ နို့နှင့် နို့ထွက်ပစ္စည်း တိုးမြှင့်ထုတ်လုပ်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ စီးပွားဖြစ်မွေးမြူသူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝန်ကြီးဌာန၏ အရင်းမပျောက် မတည်ငွေဖြင့် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးပြီး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူသူများအတွက် မြစိမ်းရောင်(အသားကဏ္ဍ) ကျေးရွာများ ထူထောင်ပေးခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အသားထုတ်လုပ်မှုကဏ္ဍတိုးတက်ရေး၊ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူအများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ဇူလိုင် ၁၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**

**ပြည်သူ့လွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -**

# နီပေါ-မြန်မာ ဒီဂျစ်တယ်ကူးပြောင်းမှုဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

နီပေါ-မြန်မာ ဒီဂျစ်တယ်ကူးပြောင်းမှုဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ခတ္တာခန်းမ၌ ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ယနေ့အခမ်းအနားတွင် ပြည်သူ့ဘဏ္ဍာစစ်ဆေးရေး စီမံခန့်ခွဲမှုစနစ် (Public Audit Management System)နှင့် စပ်လျဉ်းပြီး နီပေါနိုင်ငံ စာရင်းစစ်ချုပ်ရုံး၏ လက်တွေ့အသုံးပြုဆောင်ရွက်နေမှုများကို မျှဝေသွားမည်ဟု သိရပါကြောင်း၊ မိမိတို့ရုံးအနေဖြင့်လည်း နည်းပညာအသုံးပြု၍ စာရင်းစစ်လုပ်ငန်းများတွင် အသုံးချနိုင်မည့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နီပေါနိုင်ငံ စာရင်းစစ်ချုပ်၏ နီပေါနိုင်ငံစာရင်းစစ်ချုပ်ရုံးတွင် Public Audit Management System အသုံးပြု၍ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ Video Message ကို ဖွင့်လှစ်ပြသပြီး မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး မစ္စတာဟာရီရှ်ချန်ဒရာဂီမီရေးက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ယင်းနောက် နီပေါနိုင်ငံ ICT ကျွမ်းကျင်ပညာရှင်မှ Public Audit Management System နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းစစ်ဆေးမှု အကောင်အထည်ဖော်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၀**

ဇူလိုင် ၁၂ ရက်တွင် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

လာမည့်စနေ၊ တနင်္ဂနွေအားလပ်ရက်များတွင် နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ




**နေပြည်တော် ဇူလိုင် ၁၀**

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်နွယ်နွယ်ဦး၏ **ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်အတွင်း အမျိုးသားအားကစား အဆင့်အတန်းမြှင့်တင်ရေး၊ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် (၁၂၀x၉၀x၃၆)ပေ အတိုင်းအတာရှိသော (က)အဆင့် အားကစားရုံတည်ဆောက်ပေးရန်၊ ဝန်ထမ်းများအတွက် နေထိုင်ရေးအဆင်ပြေစေမည့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန်နှင့် မြို့နယ်တင်းနစ်ကွင်းဘေးပတ်ပတ်လည်ကို ခြံစည်းရိုးအုတ်တံတိုင်းကာရံပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီး မည်သည့်အချိန်ကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက သာပေါင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတွင် ဝန်ထမ်းဖွဲ့စည်းပုံအရ ခွင့်ပြု ခြောက်ဦး၊ ခန့်ထား ခြောက်ဦးရှိပြီး ဝန်ထမ်းအိမ်ရာမရရှိသောဝန်ထမ်းများအား နိုင်ငံတော်မှ သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း လစဉ်နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအတွက် သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးမည်ဆိုပါကလည်း လုံလောက်သည့်မြေနေရာ ရှိပါကြောင်း။

သာပေါင်းမြို့နယ်တွင် အားကစားရုံ (အလျား ပေ ၁၂၀ ၊ အနံ ပေ ၉၀) တည်ဆောက်ရန်အတွက် ငွေကျပ် ၂၅၉၂ သန်း၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာ (အလျား ပေ ၈၀ ၊ အနံ ၄၅ ပေ) တည်ဆောက်ရန်အတွက် ငွေကျပ် ၄၃၂ သန်း၊ တင်းနစ်အားကစားကွင်း ပတ်လည်ပေ ၄၀၀ အုတ်တံတိုင်းကာရံခြင်းအတွက် ငွေကျပ် ၅၆ သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ်ငွေကျပ်သန်း ၃၀၈၀ ကုန်ကျမည်ဖြစ်ပါကြောင်း။

သာပေါင်းမြို့နယ်တွင် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အားကစားရုံ ဆောက်လုပ်ခြင်း၊ တင်းနစ်အားကစားကွင်းပတ်လည်ပေ ၄၀၀ အုတ်တံတိုင်းကာရံခြင်းနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် သန်း ၃၀၈၀ အား နီးစပ်ရာဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးထွန်းအောင်ဝင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်သည် ၂၀၁၃ခုနှစ် နိုဝင်ဘာ ၈ ရက်မှစတင်၍ စစ်ဘေးဒဏ်သင့်ခဲ့ရပြီး ထီးချိုင့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ကျောင်းဆောင် ခုနစ်ဆောင် စစ်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများရှိနေပါသဖြင့် အလျင်အမြန်ပြုပြင်ပေးရန် လိုအပ်နေပါသောကြောင့် အစိုးရအနေဖြင့် အကြီးစားပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ပြုပြင်ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင် ခုနစ်ဆောင် ရှိပါကြောင်း၊ အကြမ်းဖက်များ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးမှုအခြေအနေကို သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲရေးအဖွဲ့နှင့် မြို့နယ်ပညာရေးမှူးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ကျောင်းဆောင် ခုနစ်ဆောင်အနက် နဝဒေးဆောင် (စာကြည့်တိုက်)၊ သိပ္ပံဆောင်၊ မြဝတီဆောင်၊ ရွှေရတုဆောင်၊ မိုးနတ်ရှင်ဆောင်တို့မှာ ငွေကျပ်သန်း ၂၀ အောက် အသေးစားပြင်ဆင်ရန်လိုအပ်ပြီး လက်ဝဲသုန္ဒရဆောင်အား ငွေကျပ်သန်း ၂၀ အထက် အကြီးစားပြုပြင်ရန်နှင့် မန်လည်ဆောင်မှာ လုံးဝပျက်စီးသွားသဖြင့် ဖျက်သိမ်းပြီး အဆိုပါနေရာတွင် အသစ်ဆောက်လုပ်ရန် လိုအပ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

အသေးစားပြင်ဆင်ရန်လိုအပ်သော ကျောင်းဆောင် ငါးဆောင်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အကြီးစားပြင်ဆင်ရမည့် လက်ဝဲသုန္ဒရဆောင်နှင့် ဖျက်သိမ်းဆောက်လုပ်ရမည့် မန်လည်ဆောင်အစား ပေ(၁၄၀ x ၃၀) RCC နှစ်ထပ် အသစ်ဆောက်လုပ်နိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်မူတည်ပြီး တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးဉာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဒုံးပုလဲအော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၃၀x၃၀x၂၄)ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်၊ ကဘင်းချောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၃၀x၃၀x ၂၄) ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်၊ မိုင်းသွေးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၃၀ x ၃၀ x ၁၂)ပေ RCC တစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်တို့ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးတွင် သို့မဟုတ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးတွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွက် အန္တရာယ်ကျောင်းဆောင်များဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း နှစ်ခု၊ သိပ္ပံဆောင်များ ဆောက်လုပ်ခြင်းလုပ်ငန်း သုံးခု၊ စာကြည့်တိုက်များအသစ် ဆောက်လုပ်ခြင်းလုပ်ငန်း လေးခု၊ စုစုပေါင်းလုပ်ငန်း ကိုးခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၈၃၀ ပါဝင်ပါကြောင်း။

ဒုံးပုလဲအော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (ပေ ၁၂၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်ဆောင် သုံးဆောင်၊ စာသင်ခန်း ၁၂ ခန်းရှိပြီး ကျောင်းသားဦးရေ ၄၈၅ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ လုံလောက်မှုရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ ဆရာမ နားနေခန်း၊ စာကြည့်တိုက်၊ Multi-mediaခန်း၊ သိပ္ပံခန်းနှင့် ထပ်မံတိုးတက်လာမည့် စာသင်ခန်းများအတွက် (ပေ ၁၃၀ x ပေ ၃၀) RCC နှစ်ထပ်ဆောက်လုပ်ရန် မြေနေရာလုံလောက်မှု ရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင် မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကဘင်းချောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ပေ ၉၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်၊ (ပေ ၃၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်၊ (ပေ ၁၂၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း (၁)ထပ်၊ (ပေ ၉၀ x ပေ ၃၀) RCC တစ်ထပ်၊ စုစုပေါင်း ကျောင်းဆောင် လေးဆောင်၊ စာသင်ခန်း ကိုးခန်းရှိပြီး ကျောင်းသားဦးရေ ၄၁၉ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ လိုအပ်သော စာသင်ခန်းနှစ်ခန်းနှင့် ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ ဆရာမ နားနေခန်း၊ စာကြည့်တိုက်၊ Multimedia ခန်း၊ သိပ္ပံခန်းများအတွက် (ပေ ၁၃၀ x ပေ ၃၀) RCC နှစ်ထပ်ဆောက်လုပ်ရန် မြေနေရာလုံလောက်မှုရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင် မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိုင်းသွေး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၇၅ ပေ x ပေ ၃၀)အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ၁၀ ခန်းရှိပြီး တစ်ထပ်ဆောင် နှစ်ဆောင်၊ (ပေ ၆၀ x ပေ ၃၀) RCC တစ်ထပ်၊ (ပေ ၉၀ x ပေ ၃၀) RCC တစ်ထပ်၊ စုစုပေါင်းကျောင်းဆောင် လေးဆောင် စာသင်ခန်း ကျောင်းသားဦးရေ ၃၄၆ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ လုံလောက်မှု ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ ဆရာမနားနေခန်း၊ စာကြည့်တိုက်၊ Multimedia ခန်း၊ သိပ္ပံခန်းများအတွက် (ပေ ၁၂၀ x ပေ ၃၀) RCC တစ်ထပ်ဆောက်လုပ်ရန် မြေနေရာလုံလောက်မှုရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင် မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များ စနစ်တကျကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့်အဂတိကို ထိရောက်စွာ အစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်း**က ပြည်သူတိုင်းသည် မိမိတို့၏ ဝန်ထမ်းရာထူးအဆင့်အလိုက်၊ စီးပွားရေးပမာဏ အကြီးအငယ်အလိုက် သင့်တင့်မျှတသောအခွန်များကို မဖြစ်မနေ ပေးဆောင်ရမည့်တာဝန်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ ပေးဆောင်လာသည့် အခွန်ငွေများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိ အသုံးပြုဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အခွန်သည် နိုင်ငံတော်၏ ဘဏ္ဍာအင်အားဖြစ်ပြီး အခွန်များမှန်မှန်ကန်ကန်ရရှိပါက ပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုဖူလုံရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည့်စုံစွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်များ မှန်မှန်ကန်ကန် ကောက်ခံရရှိနိုင်ရေးအတွက် အဂတိကင်းရှင်းရန် လိုအပ်ပါကြောင်း။

အဂတိတရားတိုက်ဖျက်ရေးသည် ပြစ်ဒဏ်ပေးရုံဖြင့် မလုံလောက်ဘဲ ကာကွယ်ရေး၊ ပညာပေးရေး၊ နည်းပညာအသုံးချရေးနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိတရား လျော့နည်းလာသည်နှင့်အမျှ အခွန်ငွေတိုးတက်လာပြီး နိုင်ငံတော်ဘဏ္ဍာငွေသည်လည်း ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင်ပြည်သူ့ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် အမှန်တကယ် သန့်ရှင်းသည့် အုပ်ချုပ်ရေးစနစ်ကို တည်ဆောက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည်ဆိုပါက အဂတိကင်းစွာ ဆောင်ရွက်နိုင်ရေးသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် အခွန်နှင့်အဂတိကို ထိရောက်သောအစီအမံများဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးအောင်ကျော်မင်း**က နိုင်ငံသားများ အခွန်တိမ်းရှောင်ခြင်းသည် ပေးဆောင်ရသည့်အခွန်နှုန်းထားများ ပမာဏများနေသည်ဟု ထင်မြင်ယူဆကြသည့်အတွက် ဖြစ်ပါကြောင်း၊ ထို့ကြောင့်အခွန်ထမ်းများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေသည့် နှုန်းထားဖြင့်ကောက်ခံပြီး ပေးဆောင်သင့်သည့် အခွန်နှုန်းထားအကြောင်း ပညာပေးစည်းရုံးမှုများလုပ်ဆောင်ပါက နိုင်ငံတော်အတွက် အခွန်ဝင်ငွေသည် သိသိသာသာ တိုးပွားလာမည်ဖြစ်ပါကြောင်း၊ ကျင့်သုံးနေသည့်မူဝါဒများ၊ စနစ်များ၏ လစ်ဟာကွက်များကို ပြုပြင်မည်ဆိုပါက အဂတိလိုက်စားမှုများကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် E-Government စနစ်ကို အရှိန်မြှင့်တည်ဆောက်ရန် လိုအပ်နေပြီ ဖြစ်ပါကြောင်း၊ E-Government စနစ် ပီပီပြင်ပြင်ကျင့်သုံးလာနိုင်မည်ဆိုပါက နိုင်ငံတော်ရန်ပုံငွေများသည်လည်း လေလွင့်ဆုံးရှုံးမှုများ လျော့နည်းသွားပြီး အဂတိကင်းစင်သော အစိုးရယန္တရားတစ်ခု ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် အခွန်နှုန်းထားမျိုးနှင့် အခွန်အခြေချဲ့ထွင်ပြီး ကောက်ခံခြင်း၊ အခွန်ထမ်းပြည်သူများကို နားလည်သဘောပေါက်လာအောင် ပညာပေးခြင်းတို့ကို ဆောင်ရွက်နိုင်ပါက နိုင်ငံတော်အတွက် အခွန်ဝင်ငွေများ သိသိသာသာတိုးမြှင့်ရရှိပြီး အဂတိလိုက်စားမှုများ သိသိသာသာ လျော့နည်းသွားမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၈) ဦးကျော်ဇင်ထွန်း**က လက်ရှိမြန်မာနိုင်ငံတွင် စည်းကြပ်ကောက်ခံလျက်ရှိသော ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် စားသုံးမှု၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဝင်ငွေခွန်နှင့် ပိုင်ဆိုင်မှု၊ ကုန်သွယ်မှုနှင့် နိုင်ငံပိုင်သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲမှုတို့အပေါ် ကောက်ခံသောအခွန်များသည် အဂတိသက်ရောက်မှုကို အထူးခံစားရသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထိုကဏ္ဍများအပေါ် Large Taxpayer office (LTO) များ ထူထောင်ခြင်း၊ ဒီဂျစ်တယ်အခွန်စနစ်များ အသုံးပြုခြင်း၊ အခွန်အခြေခံ(Tax Base)ကိုချဲ့ထွင်၍ အလွတ်သဘောစီးပွားရေးလုပ်ငန်းများကို တရားဝင်စနစ်အတွင်း ထည့်သွင်းခြင်း၊ အစိုးရဌာနများအကြား အချက်အလက်ချိတ်ဆက်မှုနှင့် One Stop Service စနစ်များကို အကောင်အထည်ဖော်ခြင်း၊ အဂတိတိုက်ဖျက်ရေး၊ ပြည်သူ့ဝန်ဆောင်မှု ပွင့်လင်းမြင်သာရေးနှင့် လွတ်လပ်သော စောင့်ကြည့်ကြီးကြပ်ရေးယန္တရားများကို အားကောင်းစေရန် ဆောင်ရွက်ပါက အခွန်များ ပိုမိုရရှိလာပြီး အဂတိများလည်း လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

အခွန်ကောက်ခံမှုကို အဂတိကင်းစင်စွာ ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းရှင်များ အားလုံး တရားမျှတစွာယှဉ်ပြိုင်နိုင်မည့် ဈေးကွက်စီးပွားရေးစနစ်စစ်စစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိကင်းစင်မှသာ ကောက်ခံရရှိသော အခွန်ငွေများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းသို့ အပြည့်အဝစီးဝင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်ရေးတွင်လည်း ဘတ်ဂျက်သုံးစွဲမှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ ဂုဏ်ယူဝမ်းမြောက်စွာ အခွန်ပေးဆောင်နိုင်ရေးနှင့် အစိုးရဌာနများတွင် အဂတိကင်းစင်ရေးအဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၈) ဦးတင်မောင်ဝင်း** က နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဘဏ္ဍာငွေသည် နိုင်ငံတော်၏ အသက်သွေးကြောဖြစ်ပါကြောင်း၊ ထိုဘဏ္ဍာငွေရှာဖွေပေးသည့် မဏ္ဍိုင်သည် အခွန်စနစ်ဖြစ်ပြီး ရရှိလာသည့် အခွန်ဘဏ္ဍာငွေများကို ယိုဖိတ်မှုမရှိအောင် ကာကွယ်ပေးသည့် မဏ္ဍိုင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးပင် ဖြစ်ပါကြောင်း၊ ထိုမဏ္ဍိုင်နှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး နိုင်ငံတော်၏ အနာဂတ်အတွက် ယခုအဆိုသည် အလွန်ထိရောက်သည့် အဆိုတစ်ခုဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် အခွန်တွက်ချက်ခြင်း၊ တင်ပြခြင်းနှင့် အခွန်ပေးဆောင်ခြင်း လုပ်ငန်းစဉ်အားလုံးကို Online မှ ဆောင်ရွက်ပြီး အခွန်ဆောင်နိုင်အောင် Digital Tax System ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရန် အကြံပြုလိုပါကြောင်း။

အစိုးရဌာနတစ်ခုချင်းစီ၏ ဝန်ဆောင်မှုများသည် Standard Operating Procedure (SOP) ဟုခေါ်သည့် စံလုပ်ထုံးလုပ်နည်းများကို တိတိကျကျ သတ်မှတ်ပြီး ပြည်သူများမြင်သာသည့် နေရာများ၊ Website များတွင် ချပြထားရန် အကြံပြုလိုပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အခွန်စနစ် သန့်ရှင်းခိုင်မာပြီး အစိုးရယန္တရား အဂတိကင်းစင်မှသာ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ရရှိမည်ဖြစ်ပြီး တိုင်းပြည်၏ စီးပွားရေးသည်လည်း ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအစိုးရအနေဖြင့် ခေတ်မီနည်းပညာများ အသုံးပြုခြင်း၊ လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာအောင် ပြင်ဆင်ခြင်းနှင့် ထိရောက်သော အစီအမံများ ချမှတ်ခြင်းတို့ဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် အဆိုအား ထောက်ခံဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးစောသွင်** က နိုင်ငံရေးအရ အဂတိကင်းစင်ခြင်းသည် နိုင်ငံတော်တည်ငြိမ်မှုနှင့် အစိုးရ တစ်ရပ်၏ တရားဝင်မှုအတွက် အသက်သွေးကြောဖြစ်ပါကြောင်း၊ စီးပွားရေးအမြင်အရ အခွန်သည် ကောက်ခံခြင်းတစ်ခုတည်း မဟုတ်ဘဲ နိုင်ငံ၏စီးပွားရေး၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ တရားမျှတမှုနှင့် ပြည်သူဘဝ အရည်အသွေးမြှင့်တင်ရေးကို ဆောင်ရွက်ပေးနေသော အရေးပါသည့်စီးပွားရေးမူဝါဒ ကိရိယာဖြစ်ပါကြောင်း၊ အဂတိကင်းစင်ခြင်းသည် နိုင်ငံတော်ခရေဌစွာတိုးတက်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ လူမှုရေးအမြင်အရ အခွန်သည် ငွေကောက်ခံခြင်းမျှသာ မဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အကျိုးစီးပွားကို လူမှုရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ အခွန်ကို မျှတစွာ ကောက်ခံပြီး ပွင့်လင်းမြင်သာစွာ အသုံးပြုနိုင်ပါက လူမှုဖူလုံရေး၊ လူမှုတရားမျှတရေးနှင့် ရေရှည်တိုးတက်ရေးတို့ကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း၊ အခွန်ပေးဆောင်ခြင်းသည် နိုင်ငံသားစိတ်ဓာတ်နှင့် လူမှုတာဝန်ယူမှုကို မြှင့်တင်ပေးသည်ဟု သုံးသပ်ရပါကြောင်း။

စည်းရုံးရေးအမြင်အရ အခွန်ကို မျှတစွာ ကောက်ခံပြီး ပွင့်လင်းမြင်သာစွာ အသုံးပြုပါက ပြည်သူများအကြား ယုံကြည်မှုတိုးပွားလာပြီး လူမှုစည်းလုံးညီညွတ်မှုကို အားကောင်းစေပါကြောင်း၊ ပြည်သူများ အခွန်၏အရေးပါမှုကို နားလည်စေပြီး ဥပဒေနှင့်အညီ မိမိဆန္ဒအလျောက်အခွန်ပေးဆောင်လာစေရန်အသိပညာပေးခြင်း၊ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ပူးပေါင်းပါဝင်မှု မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ အခွန်စနစ်သည် ဒီဂျစ်တယ်နည်းပညာ အချက်အလက် အခြေပြုစီမံခန့်ခွဲမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အသုံးပြု၍ ပိုမိုထိရောက်လာစေရန် တိုးတက်ပြောင်းလဲသင့်ပြီဟု ရှုမြင်သုံးသပ်ရပါကြောင်း၊ ထို့ကြောင့် ယခုအဆိုသည် ကာလ၊ ဒေသ၊ ပယောဂကို လိုက်နာ၍ အမှန်တကယ် ဆောင်ရွက်သင့်ပါကြောင်းနှင့် အကျိုးတရားတစ်ခုဖြစ်ထွန်းရန်အတွက် အကြောင်းတရားပေါင်းများစွာ ပေါင်းစည်းရန် လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁)ဦးဇော်ဇော်မြင့်** က နိုင်ငံအလိုက် အခွန်စနစ်များအတွင်း နည်းမျိုးစုံဖြင့် အခွန်ရှောင်တိမ်းမှုများ၊ အဂတိလိုက်စားမှုများ ပေါ်ပေါက်နေသည့်အတွက် ဒီဂျစ်တယ်စနစ်အား အပြည့်အဝ အသုံးချခြင်းနှင့် Fully Digitalized နှင့် ထိန်းကျောင်းစောင့်ကြည့်ခြင်း (Control & Monitoring) စနစ်တို့သည့် အရေးပါလာပြီး ကမ္ဘာတစ်ဝန်း ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိပါကြောင်း၊ ယခုအစိုးရသစ် လက်ထက်တွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သီးသန့်ဖွဲ့စည်းပြီး E-Government System အကောင်အထည်ဖော်မည့် အလားအလာများ မြင်တွေ့နေရသဖြင့် ဝမ်းမြောက်ကြိုဆိုပါကြောင်း၊ အခွန်တိုးမြှင့်ရရှိရေးနှင့် အခွန်ပြည့်ဝစွာ ရရှိရေးအတွက် လူကိုထိန်းကျောင်းနိုင်မည့် စနစ်ကောင်း ရွေးချယ်ကျင့်သုံးရာ၌ AI Software အခြေပြု Digital Online စနစ်သည်သာ အကောင်းဆုံးဖြစ်နေသည့်အတွက် ၎င်းစနစ်ကို ကျင့်သုံးနိုင်ရန် အခြေခံသည့် လျှပ်စစ်မီးပုံမှန်ရရှိရေးနှင့် အင်တာနက်လိုင်းကောင်းမွန်ရေးတို့ဖြစ်ပါကြောင်း။

လက်ရှိကာလတွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့တော်များ၊ နယ်စပ်ကုန်သွယ်ရေးမြို့များ၊ စီးပွားကုန်သွယ်မှု မြင့်မားသည့်မြို့များနှင့် စက်မှုဇုန်များအပေါ် လျှပ်စစ်နှင့် အင်တာနက်လိုင်းကိုဦးစားပေး၍ Digital Online အခွန်စနစ်အား တတ်နိုင်သမျှ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပြီး အဂတိလိုက်စားမှုများအပေါ် ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွားအတွက် ရလဒ်ကောင်းများ မလွဲမသွေ ရရှိခံစားကြရမည်ကို ယုံကြည်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃)ဒေါ်ကျော့ယဉ်ဝင်း** က နိုင်ငံ၏ အခွန်ရငွေ လျော့နည်းရခြင်း၏ အဓိကအကြောင်းရင်းမှာ မှတ်ပုံတင်မထားသော စီးပွားရေးလုပ်ငန်းများ (Informal Economy) များပြားနေခြင်း၊ အခွန်ရှောင်လွှဲခြင်း၊ အဂတိလိုက်စားမှု၊ စီမံခန့်ခွဲမှု အားနည်းခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အားနည်းခြင်း၊ ဒီဂျစ်တယ်အခွန်စနစ် အားနည်းခြင်း၊ တရားဥပဒေစိုးမိုးမှု၊ အသိပညာပေးမှုနှင့် အခွန်ထမ်းများ၏ အသိပညာ၊ အခွန်ပေးလိုစိတ် နည်းပါးခြင်းနှင့် မှောင်ခိုကုန်သွယ်မှုတို့ကြောင့် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်စနစ်ကို ခေတ်မီအောင် ပြုပြင်ခြင်း၊ ပွင့်လင်းမြင်သာမှု တိုးမြှင့်ခြင်း၊ ဥပဒေစိုးမိုးမှု အားကောင်းစေခြင်းနှင့် ပြည်သူများအား အခွန်လိုက်နာမှု မြှင့်တင်ခြင်းတို့သည် နိုင်ငံတော်၏ဘဏ္ဍာရေး တည်ငြိမ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မူဝါဒဦးတည်ချက်များ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ပြည်သူများ အခွန်ကို မိမိဆန္ဒအလျောက် လိုလိုလားလား ပေးဆောင်လာစေရန် အတင်းအကျပ်ကောက်ခံခြင်းထက် အခွန်ဆိုင်ရာ ယုံကြည်မှုကို တည်ဆောက်ပေးရန် အရေးကြီးပါကြောင်း၊ အစိုးရအနေဖြင့် အခွန်နှင့် ပတ်သက်၍ စည်းရုံးဆောင်ရွက်ရာတွင် အခွန်၏ အကျိုးကျေးဇူးများကို အသိပညာပေးရန် လိုအပ်ပါကြောင်း၊ အခွန်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဝင်ငွေအရင်းအမြစ်ဖြစ်သည်ကို ရှင်းလင်းဖော်ပြသင့်ပါကြောင်း၊ ကျောင်းပညာရေးတွင် ကျောင်းသားကျောင်းသူများကို နိုင်ငံသားတာဝန်နှင့် အခွန်ပေးဆောင်မှု၏ အရေးပါမှုကို သင်ကြားပေးရန်၊ လုပ်ငန်းရှင်များနှင့်ပူးပေါင်းခြင်းတို့လည်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ပြည်သူများကို အခွန်ပေးဆောင်စေရန် အပြစ်ပေးခြင်းထက် ယုံကြည်မှု တည်ဆောက်ခြင်း၊ အသိပညာပေးခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အခွန်ပေးဆောင်ရ လွယ်ကူစေခြင်းတို့သည် ပိုမိုရေရှည်တည်တံ့ပြီး ထိရောက်သော နည်းလမ်းများဖြစ်ပါကြောင်း၊ အခွန်ပေးဆောင်သူများက ၎င်းတို့ပေးဆောင်သည့် အခွန်သည် ပြည်သူ့အကျိုးစီးပွားအတွက် အမှန်တကယ်အသုံးပြုနေသည်ဟု ယုံကြည်လာချိန်တွင် အခွန်လိုက်နာမှု (Tax Compliance) သည် သဘာဝအတိုင်း မြင့်တက်လာမည် ဖြစ်ပါကြောင်း၊ "အခွန်ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ကို တည်ဆောက်စို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ အခွန်အားလုံး ပေးဆောင်စို့" ဆိုသည့်အတိုင်း နိုင်ငံသားတိုင်း အခွန်နှင့်ပတ်သက်၍ ဤစည်းမျဉ်းဥပဒေများကို လိုက်နာဆောင်ရွက်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀)ဒေါက်တာခိုင်ခိုင်ဆု** က အခွန်ကောက်ခံမှုသည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုသာမဟုတ်ဘဲ အုပ်ချုပ်မှုစနစ်၏ ဖြောင့်မတ်တည်ကြည်မှုနှင့် နိုင်ငံတော်နှင့် ပြည်သူအကြား ယုံကြည်မှု အခြေခံအချက်များကို ပုံဖော်ပေးသည့် နိုင်ငံရေးဆိုင်ရာကိရိယာ (political instrument) တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သည် လက်ရှိအခွန်အမျိုးအစား ပုံစံအမျိုးမျိုးကို လျှော့ချပြီး အဓိကအခွန်အမျိုးအစားများခြုံ၍ ပေါင်းစည်းသတ်မှတ်သင့်ပါကြောင်း၊ ထို့ပြင် အခွန်ကင်းလွတ်ခွင့်ရသူများကို အနည်းဆုံးအထိ လျှော့ချပြီး အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူစေရန် ဆောင်ရွက်၍ စနစ်ရှုပ်ထွေးမှု၊ ဥပဒေကွက်လပ်များနှင့် မသမာသောအကျိုးအမြတ်ရှာဖွေမှုများကို ဖယ်ရှားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သည် အခွန်ထမ်းအားလုံးအတွက် အီလက်ထရွန်နစ်စနစ်ဖြင့် အခွန်တင်သွင်းခြင်းနှင့် ဒီဂျစ်တယ်ငွေပေးချေမှုများကို မဖြစ်မနေ ဆောင်ရွက်စေသင့်ပါကြောင်း၊ ငွေသားဖြင့် ငွေပေးချေမှုများကို ဖယ်ရှား၍ ပြည်သူနှင့် အစိုးရဝန်ထမ်း တိုက်ရိုက်ထိတွေ့ရသည့် အခွင့်အလမ်းများကို လျှော့ချကာ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး အခြေခံအဆောက်အအုံကို ခေတ်မီအောင် အမြန်ဆုံး ပြန်လည်တည်ဆောက်သင့်ပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်(ACC)အား အဂတိလိုက်စားမှုအမှုများကို အခြားအဖွဲ့အစည်း၏ လွှဲပြောင်းမှုမလိုဘဲ တိုက်ရိုက်လွတ်လပ်စွာ စုံစမ်းစစ်ဆေးနိုင်သော အခွင့်အာဏာကို နိုင်ငံတော်မှပေးအပ်ရန် လိုအပ်သကဲ့သို့ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးသင့်ပါကြောင်း။

အခွန်စနစ်ကို ရိုးရှင်းအောင် ပြုပြင်ခြင်း၊ အုပ်ချုပ်ရေး လုပ်ငန်းစဉ်များကို ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ပိုင်ခွင့်များကို အားကောင်းစေခြင်း၊ Corruption Prevention Unit များကို တိုးချဲ့ဖွဲ့စည်းခြင်း၊ လစာစနစ်ကို ပြုပြင်ပြောင်းလဲခြင်းနှင့် အခွန်ဝင်ငွေကို ပြည်သူ့ရေးရာ ဝန်ဆောင်မှုများနှင့် တိုက်ရိုက်ချိတ်ဆက်ခြင်းတို့ဖြင့် နိုင်ငံတော်၏ အခွန်ရရှိမှုများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုကို ဖယ်ရှားနိုင်ပြီး ပြည်သူတို့၏ ဆန္ဒနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သည့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ်ကို တည်ဆောက်နိုင်ရန် ရည်ရွယ်၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင် ၁၃ ရက်တွင် ကျင်းပမည့် ၁၆ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇူလိုင် ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**အမျိုးသားလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -**



## ဆင်ပေါင်ဝဲမြို့နယ်၌ မြို့နယ်အဆင့် အရန်သားဖွားဆရာမများ ဆွေးနွေးပွဲကျင်းပ

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ မြို့နယ်အဆင့် အရန်သားဖွားဆရာမများ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာဆွေးနွေးပွဲကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၈ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထွန်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီတို့က အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသား သင်တန်းသူ ၃၆ ဦးအား ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်စာတွေ့လက်တွေ့ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

နိုင်ငံတစ်ဝန်း
စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး
ထိန်းသိမ်းစို့။

# ဟာဘင်း Smart Industry မှသည် အနာဂတ်စွမ်းအင်ဖူလုံရေးဆီသို့

ရတနာ၊ နန္ဒာ

**တဒုန်းဒုန်းအသံက စက်ရုံတစ်ခွင် လွှမ်းခြုံနေသည်။ စက်ရုံအဆောက်အအုံအတွင်း ဝင်ရောက်ကြည့်ရှုသည့်အခါ ခေတ်မီနည်းပညာများ၊ AI အခြေပြုနည်းပညာများ၊ အလိုအလျောက်စနစ်များနှင့် ပေါင်းစပ်ထားသော စက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းခွင်ကို တွေ့မြင်ရသည်။ ကျယ်ဝန်းသန့်ရှင်းသော စက်ရုံအတွင်း အလိုအလျောက်စက်ကြီးများသည် တိကျမှန်ကန်စွာ ဆက်တိုက်လည်ပတ်နေပြီး စက်သံနှင့်အတူ မီးစက်အတွက် ကြေးချောင်းများကို လူ၏အကူအညီမလိုဘဲ လိုရာပုံသွင်း ဖြစ်တောက်နေသည်။**

- ❖ **မြန်မာနိုင်ငံအနေဖြင့် ရေအားလျှပ်စစ်အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များကို ခေတ်မီနည်းပညာများဖြင့် ထိရောက်စွာအသုံးချနိုင်မည် ဆိုပါက စွမ်းအင်ဖူလုံသော၊ စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်မည်**
- ❖ **လုပ်သားအင်အားမလိုသည့်** Smart Industry၊ **အလိုအလျောက်ထိန်းချုပ်မှုစနစ်များနှင့် စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာ ခေတ်မီဆန်းသစ်တီထွင်မှု နည်းပညာများကို ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍ ပိုမိုခိုင်မာလာမည်**

စက်များအကြားတွင် ကုန်ကြမ်းနှင့် ထုတ်ကုန်များကို သတ်မှတ်ထားသောနေရာများသို့ အလိုအလျောက် စက်ရုပ်စနစ်ဖြင့် သယ်ယူပို့ဆောင်ပေးနေပြီး AI နည်းပညာအကူအညီဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဆိုင်ရာ စက်မှုထုတ်ကုန် ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

အလုပ်ရုံ၏ ဗဟိုထိန်းချုပ်ရေးစင်တာတွင် စက်တစ်ခုချင်းစီ၏ လည်ပတ်မှုအခြေအနေများ၊ ထုတ်လုပ်မှုနှင့် စွမ်းဆောင်ရည်ဆိုင်ရာအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီပြသထားသည်။ အင်ဂျင်နီယာများနှင့် ပညာရှင်များက စောင့်ကြည့်၍ စက်ရုံတစ်ခုလုံး၏ လည်ပတ်မှုကို စီမံခန့်ခွဲလျက်ရှိသည်။

စက်များ၏ လှုပ်ရှားမှုများ၊ ခေတ်မီနည်းပညာများနှင့်ထိန်းချုပ်မှုစနစ်များ ပေါင်းစပ်ကာ ထုတ်လုပ်မှုအရည်အသွေးနှင့် အရေအတွက်ကို အမြင့်မားဆုံး စွမ်းဆောင်နေသည့် ထိုမြင်ကွင်းသည် Harbin Electric Machinery တွင် ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အရှေ့မြောက်ဘက်စွန်းတွင် တည်ရှိသော ဟေလုံကျန်းပြည်နယ်၏ မြို့တော်ဟာဘင်း (Harbin) တွင် တည်ရှိပြီး စက်မှုဖွံ့ဖြိုးတိုးတက်မှုကို ကိုယ်စားပြုနေသည့် လုပ်ငန်းတစ်ခု ဖြစ်ကြောင်း သိနားလည်ခဲ့ရသည်။

Generator Rotor နှင့် Turbine အစိတ်အပိုင်းများကို အလိုအလျောက်နည်းပညာဖြင့် တပ်ဆင်ထုတ်လုပ်ခြင်း၊ Heavy Equipment များကို လုပ်သားအင်အားမပါသော အလိုအလျောက်နည်းပညာဖြင့် ထုတ်လုပ်ခြင်းတို့ကို Robotic Machining System အသုံးပြုဆောင်ရွက်ခြင်းများကို မြင်တွေ့ရသည်။

နည်းပညာ၊ အလိုအလျောက်ထုတ်လုပ်မှုစနစ်နှင့် သုတေသနဖွံ့ဖြိုးရေးတို့ကို ပေါင်းစပ်အသုံးချထားသည့် ယင်းလုပ်ငန်းသည် တရုတ်နိုင်ငံ၏ စက်မှုအင်အားနှင့် နည်းပညာစွမ်းရည်ကို ထင်ဟပ်ဖော်ပြနေသည့် စံပြစက်မှုလုပ်ငန်းတစ်ခုဖြစ်သည်။ ထုတ်လုပ်မှုအရေအတွက် တိုးမြှင့်ခြင်းမှ လုပ်သားအင်အားမလိုသည့် နည်းပညာအခြေပြု Smart Industry စနစ်များသို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိသည်။

၁၉၅၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော Harbin Electric Machinery Company Limited (HEC) သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် စက်ပစ္စည်းများကို အဓိကထား ထုတ်လုပ်နေသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ရေအားလျှပ်စစ်၊ ကျောက်မီးသွေးအခြေပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ နျူကလီးယားစွမ်းအင်၊ လေစွမ်းအင်နှင့် အခြားစွမ်းအင်ဆိုင်ရာ စက်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိကာ တရုတ်နိုင်ငံ၏ အကြီးစားလျှပ်စစ်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

HEC သည် တရုတ်နိုင်ငံ၏ ရေအားလျှပ်စစ်ထုတ်လုပ်သည့် လုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းများ၏ ထက်ဝက်ခန့် ၅၀ ရာခိုင်နှုန်းကျော်နှင့် အကြီးစားအပူအား လျှပ်စစ်စက်များ၏ သုံးပုံတစ်ပုံခန့်ကို ထုတ်လုပ်ပေးလျက်ရှိသကဲ့သို့ နိုင်ငံတကာစွမ်းအင်စီမံကိန်းများတွင် လိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးပစ္စည်းများကို ပံ့ပိုးပေးလျက်ရှိသည်။

ဆန်းသစ်တီထွင်မှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ထုတ်လုပ်မှုစွမ်းရည်မြင့်မားမှုတို့ကြောင့် HEC မှ ထုတ်လုပ်သည့် စက်ပစ္စည်းများသည် အမေရိကန်၊ ကနေဒါ၊ ပါကစ္စတန်၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဘရာဇီး၊ မြန်မာ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်တွင် ပျံ့နှံ့အသုံးပြုလျက်ရှိသည်။

အထူးသဖြင့် မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများတွင် အသုံးပြုလျက်ရှိသည့် စက်ပစ္စည်းများအနက် အများအပြားကို HEC က ထုတ်လုပ်ပံ့ပိုး ပေးထားသည်။ လက်ရှိအချိန်တွင် HEC နှင့် မြန်မာနိုင်ငံအကြား ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရှိ ပေါင်းလောင်း၊ အထက်ပေါင်းလောင်း၊ နန်ချို၊ ကျိုင်းတောင်း၊ ရဲနွယ်နှင့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းတို့၌ Harbin Electric Company မှထုတ်လုပ်သည့် Turbine အစိတ်အပိုင်းများ၊ စက်ပစ္စည်းကိရိယာများဖြင့် အောင်မြင်စွာမောင်းနှင်လည်ပတ်လျက်ရှိသည်။

ယနေ့အချိန်တွင် ကမ္ဘာ့နိုင်ငံအများစုက လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးဆလုပ်ဆောင်လာကြရာ ရေအားလျှပ်စစ်၊ ကျောက်မီးသွေးသုံးအပူစွမ်းအင်၊ သဘာဝဓာတ်ငွေ့သုံးအပူစွမ်းအင်၊ နျူကလီးယားစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် ဇီဝစွမ်းအင်စသည့် နည်းလမ်းများဖြင့် မိမိတို့ နိုင်ငံ၏ သဘာဝ အရင်းအမြစ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များအပေါ် မူတည်၍ သင့်လျော်သော စွမ်းအင်ထုတ်လုပ်မှုစနစ်များကို ရွေးချယ်အသုံးပြုလျက်ရှိသည်။

ထိုသို့စွမ်းအင်ထုတ်လုပ်ရေး နည်းလမ်းများစွာအနက် သန့်ရှင်းပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်တစ်ခုဖြစ်သော ရေအားလျှပ်စစ်သည် ကာဗွန်ထုတ်လွှတ်မှုနည်းပါးပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသဖြင့် ရေရှည်စွမ်းအင်ဖူလုံရေးအတွက် ရွေးချယ်လာကြသည်။

ရေအား၊ နေရောင်ခြည်၊ လေအားမှ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းသည် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် ယနေ့ ကမ္ဘာ့နိုင်ငံများ အလေးထားဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံသည် နေရောင်ခြည်နှင့် လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ယူရန် အလားအလာကောင်းများလည်း ပိုင်ဆိုင်ထားသည်။ ထို့ပြင် မြစ်ချောင်းများ၊ တောင်ကုန်းဒေသများနှင့် မိုးရေချိန်လုံလောက်စွာရရှိခြင်းတို့ကြောင့် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် အခြေခံအကြောင်းတရားတို့နှင့် ပြည့်စုံလျက်ရှိသည်။

မြန်မာနိုင်ငံသည် ရေအားမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု အလားအလာမြင့်မားပြီး ရေအားလျှပ်စစ်အရင်းအမြစ်ကြွယ်ဝမှု ကမ္ဘာပေါ်တွင် အဆင့်(၁၄)နေရာ၌ရှိသည်ဟု ဆိုကြသည်။ အထူးသဖြင့် တောင်တန်းနှင့်မြန်မာနိုင်ငံအထက်ပိုင်းဒေသများကဲ့သို့ ရေကျဆင်းမှုအားကောင်းသော နေရာများတွင် ခေတ်မီရေအားလျှပ်စစ်စက်ကိရိယာများ တပ်ဆင်အသုံးပြုခြင်းဖြင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်စွမ်းကို သိသိသာသာမြှင့်တင်ပေးနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံ၌ ရေအားမှ လျှပ်စစ်ဓာတ်အားထုတ်ယူရန် အကောင်အထည်ဖော်ဆောင်ရွက်ပြီး စီမံကိန်းများရှိသလို ဆက်လက်ဆောင်ရွက်ရန် ကြန့်ကြာနေသည့် စီမံကိန်းများလည်း ရှိနေသည်။ ၂၀၀၅ ခုနှစ်တွင် တိုင်းတာစစ်ဆေးတွေ့ရှိချက်များအရ ရေအားအရင်းအမြစ်မှ ၄၅၀၀၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထုတ်လုပ်နိုင်ခြင်းမရှိသေးဘဲ ခုနစ်ရာခိုင်နှုန်းကျော်ခန့်ကိုသာ ထုတ်လုပ်နိုင်သည်ကို တွေ့ရသည်။

အဆိုပါစီမံကိန်းများတွင် မြန်မာနိုင်ငံ၏ ရာသီဥတုဒဏ်နှင့် ရေအရင်းအမြစ်စီးဆင်းမှုအခြေအနေအမျိုးမျိုးကို ကြံ့ကြံ့ခံနိုင်ရုံမျှမက ရေအားမှ လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲရာတွင် အလေအလွင့်အနည်းဆုံးဖြစ်အောင် စွမ်းဆောင်ထုတ်လုပ်ပေးနေသည့် နည်းပညာအသစ် လျှပ်စစ်ထုတ်လုပ်ရေးစက်မှုထုတ်ကုန်များဖြင့် ပေါင်းစပ်လိုက်ပါက မြစ်ချောင်းများမှ စီးဆင်းလာသော သဘာဝရေအားသည် ပြည်သူတို့၏ အိမ်ခြေသန်းပေါင်းများစွာနှင့် စက်မှုဇုန်များဆီသို့ အလင်းရောင်နှင့် စွမ်းအင်အဖြစ် ပြောင်းလဲပေးနိုင်တော့မည်ဖြစ်သည်။

ထိုကဲ့သို့ ဆောင်ရွက်ဆဲစီမံကိန်းများ အကောင်အထည်ပေါ်လာမည်ဆိုပါက လျှပ်စစ်ဓာတ်အားပိုမိုထွက်ရှိလာပြီး မြန်မာနိုင်ငံနှင့် ပြည်သူတို့အတွက် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ရာနှုန်းပြည့် မီးလင်းစေရေး မျှော်မှန်းနိုင်ပြီဖြစ်သည်။ အနာဂတ်တွင် ရေအားလျှပ်စစ်အရင်းအမြစ်များကို အခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသည့် စွမ်းအင်ကဏ္ဍကို တည်ဆောက်နိုင်လိမ့်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ရေအားလျှပ်စစ်အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များကို ခေတ်မီနည်းပညာများဖြင့် ထိရောက်စွာအသုံးချနိုင်မည်ဆိုပါက စွမ်းအင်ဖူလုံသော၊ စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

နည်းပညာမြင့်မားလာမှု၏ အထောက်အပံ့ကောင်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစံနှုန်းများ၊ စီမံကိန်းကြောင့် လူမှုပတ်ဝန်းကျင်၊ ဂေဟစနစ်အပါအဝင် ရေသယံဇာတပျက်စီးဆုံးရှုံးနိုင်မှု၊ ရေရှည်တည်တံ့ရေးအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေများကို စဉ်းစားတွက်ချက်ထားသည့်အတွက် သန့်ရှင်းသောအစိမ်းရောင်စွမ်းအင်သို့ ကူးပြောင်းခြင်း (Green Energy Transition) ဖော်ဆောင်နိုင်မည်ဖြစ်သည်။

လုပ်သားအင်အားမလိုသည့် Smart Industry၊ အလိုအလျောက်ထိန်းချုပ်မှုစနစ်များနှင့် စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာ ခေတ်မီဆန်းသစ်တီထွင်မှု နည်းပညာများကို ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ကဏ္ဍ ပိုမိုခိုင်မာလာမည် ဖြစ်သည်။

စက်ပစ္စည်းကိရိယာများ၏ ခိုင်ခံ့စိတ်ချရမှုကြောင့် လျှပ်စစ်စွမ်းအင်ကို ပိုမိုတည်ငြိမ်စေပြီး ရေရှည်တည်တံ့သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု လုပ်ငန်းစဉ်ကို အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ သဘာဝအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲအသုံးချနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အားမလုံလောက်မှုကြောင့် တွေ့ကြုံနေရသည့်အခက်အခဲနှင့် စိန်ခေါ်မှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

ထို့ပြင် MSME ကဲ့သို့ စီးပွားရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားပြည့်ဝတည်ငြိမ်စွာ ရရှိသဖြင့် လုပ်ငန်းချဲ့ထွင်ရန် အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုတိုးတက်ရရှိလာမည်ဖြစ်သည်။

ထုတ်လုပ်မှုကုန်ကျစရိတ်၊ စက်သုံးဆီသုံးစွဲရမှုများကို လျှော့ချနိုင်သည့်အတွက် ကုန်ဈေးနှုန်းမြင့်မားမှုကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းပေးရာရောက်သလို ထုတ်ကုန်အရည်အသွေး၊ ထုတ်လုပ်မှုစွမ်းရည်မြင့်မားလာသည့်အတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းများ တိုးတက်လာမည် ဖြစ်သည်။ ထို့ပြင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာခြင်း၊ ဝင်ငွေများမြင့်တက်လာခြင်းနှင့် ဒေသတွင်းစီးပွားရေးလည်ပတ်မှုများ အားကောင်းလာခြင်း၊ စက်မှုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအထိ များစွာအထောက်အကူပြုနိုင်မည်ဖြစ်ရာ နိုင်ငံ၏ စွမ်းအင်ဖူလုံရေးကို မြှင့်တင်ပေးနိုင်မည့် ရေအားလျှပ်စစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍများတွင် အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်ရန် လိုသည်။

ယနေ့ကမ္ဘာကြီးသည် နည်းပညာနှင့်စွမ်းအင်တို့၏ ပေါင်းစပ်အားဖြင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းသစ်များကို အရှိန်အဟုန်ဖြင့် လျှောက်လှမ်းလျက်ရှိသည်။ ထိုလမ်းကြောင်းပေါ်တွင် မြန်မာနိုင်ငံအနေဖြင့် မိမိတို့ပိုင်ဆိုင်ထားသည့် ရေအား၊ နေရောင်ခြည်၊ လေစွမ်းအင် စသည့် ပြန်လည်ပြည့်ဖြိုးမြဲ သဘာဝအရင်းအမြစ်များကို ခေတ်မီနည်းပညာ စွမ်းရည်မြှင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကိရိယာများနှင့် ပေါင်းစပ်အသုံးချကာ စွမ်းအင်ဖူလုံသော၊ စိမ်းလန်းသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ တက်လှမ်းရန် အားလုံးဝိုင်းဝန်းဖော်ဆောင်သင့်ပါကြောင်း။ ။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၇၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် သွေးလှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၇၄) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် သွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်နှင့် ဒေါက်တာ စန္ဒာဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သွေးလှူဒါန်းကြသည့် အရာထမ်းအမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် စုပေါင်းသွေးလှူဒါန်းလျက်ရှိသည့် အရာထမ်းအမှုထမ်းများအား အားပေးစကားပြောကြားပြီး အားဖြည့်အစားအစာများနှင့်ဆေးဝါးများ၊ လက်ဆောင်ပစ္စည်းများပေးအပ်ကာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယနေ့ကျင်းပသည့် သွေးလှူဒါန်းပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)မှ အရာထမ်းအမှုထမ်း ၅၂ ဦးသည်နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင်လည်းကောင်း၊ ရန်ကုန်ဘဏ်ခွဲမှ အရာထမ်း အမှုထမ်း ရှစ်ဦးနှင့် မန္တလေးဘဏ်ခွဲမှ အရာထမ်း အမှုထမ်း ၁၄ ဦး စုစုပေါင်း ၇၄ ဦးတို့သည် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံကြီးများရှိ အမျိုးသားသွေးလှူဘဏ်များသို့လည်းကောင်း သွားရောက်သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# မြိုင်ကလေး အမှတ်(၂) ဘိလပ်မြေစက်ရုံ၌ ပထမအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဘားအံ ဇူလိုင် ၁၀**

ဘားအံမြို့နယ် မြိုင်ကလေး အမှတ်(၂) ဘိလပ်မြေစက်ရုံ၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ဘိလပ်မြေစက်ရုံဝင်း၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဘိလပ်မြေစက်ရုံဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ နယ်မြေခံ တပ်မတော်သားများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အမှတ်(၂) ဘိလပ်မြေစက်ရုံ စက်ရုံမှူးထံ ပျိုးပင်များ ဖြန့်ဝေပေးအပ်၍ အဖွဲ့ဝင်များနှင့်အတူ ဒေသနှင့်ကိုက်ညီပြီး ကြီးမြန်သစ်မျိုးများ ဖြစ်သည့် မအူပင် ၇၅၀ ၊ ပျဉ်းမပင် ၆၅၀ ၊ သပြေပင် ၅၀၀ စုစုပေါင်း ပျိုးပင် ၁၉၀၀ ကျော်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးကြသည်။

ကရင်ပြည်နယ်အတွင်း မိုးရာသီအကြို သစ်ပင်စိုက်ပွဲများ ကျင်းပပြီး ယနေ့ထိ ပျိုးပင်ပေါင်း ၁၆၀၃၈၃ ပင် စိုက်ပျိုးခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ထားဝယ် ဇူလိုင် ၁၀**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီး ကိုယ်စားပြု တိုက်ကွမ်ဒို အားကစားအဖွဲ့၏ သရုပ်ပြသမှုကို ကြည့်ရှုအားပေး၍ တိုက်ကွမ်ဒို အားကစားဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ အလှူရှင်များက ပိုက်ကျော်ခြင်းအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ နှင့် တိုက်ကွမ်ဒို အားကစားဖွဲ့အား ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသား ၁၀ သင်း၊ အမျိုးသမီး ခုနစ်သင်း ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး ဇူလိုင် ၁၀**

၂၀၂၆ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် (၂၃) နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



ဦးစွာ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လင်းခေးမြို့နယ်အသင်းနှင့် လားရှိုးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ လင်းခေးမြို့နယ်အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ပြီး အားကစားနည်းအလိုက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

◆ *ကျောက်ဖြူမှ*

အဆိုပါ လုပ်ငန်းများဆောင်ရွက်ပြီးပါက မလိုလားအပ်သည့် ဓာတ်အား ပြတ်တောက်မှုများ လျော့နည်းပြီး ဓာတ်အားလွှတ်စက်ပစ္စည်းများ ထိခိုက်ပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်သည့်အတွက် အထက်ဖော်ပြပါလုပ်ငန်းများကို ဇူလိုင် ၁၁ ရက်(စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း အဆိုပါ ဓာတ်အားလိုင်းပေါ်တွင် စီးဆင်းလျက်ရှိသော ဝန်အား ၂၀၀ မဂ္ဂါဝပ်ခန့် လျော့နည်းနေမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝန်အားထိန်းညှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

❖ *ကျောက်ဖြူမှ*

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကန်သာယာရပ်ကွက်(၇)မှ ရေဘေးသင့်အိမ်ထောင်စု ၂၅ စု လူဦးရေ ၁၇၁ ဦးတို့အား ရေဘေးကယ်ဆယ်ရေးစခန်းထားရှိရာ အားကစားခန်းမသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

● *ကျောက်ဖြူမှ*

သွင်းဂိုးရရေး ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ မိနစ် ၆၀တွင် ပြင်သစ်အသင်း အဖွင့်ဂိုးရရှိခဲ့သည်။ ယင်းဂိုးကို ဒေဇီရေး ဒူယေ၏ ဖန်တီးမှုမှ တိုက်စစ်ကစားသမား အမ်ဘာပေက ခေါင်းတိုက် ကန်ချက်ဖြင့် လှလှပပ သွင်းယူနိုင်ခဲ့သည်။

အမ်ဘာပေသည် ယင်းသွင်းဂိုးကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲ နှစ်ကြိမ်တွင် အနည်းဆုံး ရှစ်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်းသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရှစ်ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ထားသည်။ မိုရိုကိုအသင်းသည် ပြင်သစ်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို သာ ခုခံကာကွယ်ခဲ့ရပြီး ထိရောက်သည့် တန်ပြန်တိုက်စစ်ဆင်ကစားနိုင်ခြင်း မရှိခဲ့ပေ။ ပြင်သစ်အသင်းအတွက် ဒုတိယဂိုးကို ဒမ်ဘီလီက သွင်းယူပေးခဲ့သည်။ **အောင်ဇော်**

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
လွန်စွာပူအေး၊ ဥတုဘေး။

## စက်ရုပ်လုပ်သားများ ပူးတွဲထုတ်လုပ်ရန် မီဆူဘီရှီကားကုမ္ပဏီ စီစဉ်

**တိုကျို ဇူလိုင် ၁၀**

မီဆူဘီရှီကားကုမ္ပဏီသည် လူပုံစံစက်ရုပ်များကို အမြောက်အမြား ထုတ်လုပ်နိုင်ရန် Physical AI နည်းပညာကို အထူးပြုလုပ်ကိုင်သည့် Highlanders ဂျပန်ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မီဆူဘီရှီသည် အဆိုပါစက်ရုပ်များကို ၎င်း၏ စက်ရုံများတွင် အသုံးပြုသွားရန်သာမက အခြား စီးပွားရေးလုပ်ငန်းများသို့လည်း ရောင်းချသွားရန် စီစဉ်ထားသည်။

ပူးပေါင်းဆောင်ရွက်မည့် နှစ်ဖက်အဖွဲ့အစည်းက အဆိုပါစက်ရုပ်များသည် လူသားများနှင့်အတူ ပူးတွဲလုပ်ကိုင်နိုင်ရန်နှင့် လူသားတို့၏ အပြုအမူများကို သင်ယူနိုင်ရန် ရည်ရွယ်ဖန်တီးထားကြောင်း ပြောကြားပြီး လာမည့်နှစ် အစောပိုင်းတွင် ကျိုတိုရှိ မီဆူဘီရှီစက်ရုံ၌ စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ယခုနှစ်ဇွန်လကို ဒုတိယအပူဆုံးဇွန်လအဖြစ် စံချိန်တင်သတ်မှတ်

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၀**

ကမ္ဘာ့သမုဒ္ဒရာ မျက်နှာပြင်အပူချိန်သည် ယင်းလအတွက် အမြင့်ဆုံး စံချိန်တင် ရောက်ရှိခဲ့ချိန်တွင် ကမ္ဘာကြီးသည် ၂၀၂၆ ခုနှစ် အတွင်း ဒုတိယ အပူဆုံး ဇွန်လကို ကြုံတွေ့ခဲ့ရကြောင်း အမေရိကန်နိုင်ငံ သမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေးဌာန (NOAA) က ဇူလိုင် ၉ ရက် ထုတ် လေ့လာချက်အရ သိရသည်။

**၁ ဒသမ ၀၉ ဒီဂရီဆဲလ်စီးယပ်စ် မြင့်တက်**

ဇွန်လအတွင်း ကမ္ဘာ့မျက်နှာပြင်အပူချိန်သည် ၂၀ ရာစုပျမ်းမျှ အပူချိန်ထက် ၁ ဒသမ ၀၉ ဒီဂရီဆဲလ်စီးယပ်စ် မြင့်တက်ခဲ့ကြောင်း သိရသည်။

**ဒုတိယအပူဆုံး ဇွန်လဖြစ်**

ယင်းသည် ၂၀၂၄ ခုနှစ်ပြီးနောက် မှတ်တမ်းတင်ထားသည့် ဒုတိယအပူဆုံး ဇွန်လဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## တိုကျိုတွင် နေ့အပူချိန် ၂၇ဒီဂရီဆဲလ်စီးယပ်စ်ကျော်ပါက အပူလျှပ်သေဆုံးနိုင်ခြေရှိဟုဆို

**တိုကျို ဇူလိုင် ၁၀**

ကျွမ်းကျင်ပညာရှင်များ၏ အဆိုအရ တိုကျိုမြို့တွင် ၂၀၂၃ ခုနှစ်အထိ ဆယ်နှစ်ကြာ အချက်အလက်များအရ နေ့အပူချိန် ၂၇ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်စ်ထက် ကျော်လွန်လာပါက အပူလျှပ်ရောဂါကြောင့် သေဆုံးနိုင်သည့် အန္တရာယ်မြင့်မားကြောင်း သိရှိရသည်။

သုတေသီများသည် တိုကျိုမြို့ အလယ်ပိုင်းရှိ ရပ်ကွက် ၂၃ ခုအတွင်း နေအိမ်များ၌ အပူလျှပ်ရောဂါကြောင့် သေဆုံးခဲ့သူ ၁၁၄၄ ဦး၏ ဖြစ်စဉ်များကို လေ့လာစစ်ဆေးခဲ့ပြီး ၎င်းတို့ သေဆုံးခဲ့သည့်အချိန်က ရာသီဥတုအခြေအနေများကို သုံးသပ်ခဲ့ရာ နေ့အပူချိန်သည် ၃၁ ဒီဂရီဆဲလ်စီးယပ်စ်ထက် ကျော်လွန်နေကြောင်း တွေ့ရှိခဲ့သည်။

အပူချိန် ၃၁ ဒီဂရီဆဲလ်စီးယပ်စ်ထက် ကျော်လွန်သည့်နေ့မှစ၍ နောက်ထပ် ၅ ရက် ဆက်တိုက် သေဆုံးနိုင်ခြေမြင့်မားနေကြောင်းကိုလည်း တွေ့ရှိခဲ့သည်။

ထို့ပြင် အိမ်၌ သေဆုံးသူများအနက် ၈၃ ရာခိုင်နှုန်းမှာ အသက်ကြီးသူများဖြစ်ပြီး ၆၅ ရာခိုင်နှုန်းမှာ တစ်ဦးတည်း နေထိုင်သူများဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## စပိန်နိုင်ငံတောင်ပိုင်း၌ တောမီးလောင်မှုဖြစ်ပွား

**မက်ဒရစ် ဇူလိုင် ၁၀**

စပိန်နိုင်ငံတောင်ပိုင်း အန်ဒါလူစီယာဒေသ၌ ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းက ပြင်းထန်သည့် တောမီးလောင်မှု ဖြစ်ပွားသဖြင့် လူ ၁၁ ဦး ထက်မနည်း သေဆုံးပြီး ၁၉ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဇူလိုင် ၁၀ ရက်တွင် ပြောကြားသည်။

သေဆုံးသူများမှာ ဗြိတိသျှ၊ ဘယ်လ်ဂျီယံနှင့် စပိန်နိုင်ငံသားများဖြစ်သည်ဟု ယူဆရကြောင်း၊ ဒဏ်ရာရရှိသူ ရှစ်ဦးအနက် လေးဦးမှာ ပြင်းထန်သည့် မီးလောင်ဒဏ်ရာများ ရရှိထားသဖြင့် ဆေးရုံ၌ ကုသမှုခံယူနေဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ယူဂန်ဒါနိုင်ငံ၌ အစားအသောက် ပြတ်လပ်မှုကြောင့် ၁၆ ဦး သေဆုံး

**ကမ်ပါလာ ဇူလိုင် ၁၀**

ယူဂန်ဒါနိုင်ငံ၏ မိုးနည်းဒေသဖြစ်သည့် အရှေ့မြောက်ပိုင်း ကာရာမိုဂျာ ဒေသတွင် မိုးခေါင်မှုကြောင့် အစားအသောက် ပြတ်လပ်မှုဖြစ်ပွားပြီး လူ ၁၆ ဦး သေဆုံးခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ဇူလိုင် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာလရှည်ကြာ ဖြစ်ပွားနေသည့် ခြောက်သွေ့မှုကြောင့် သီးနှံများ မဖြစ်ထွန်းဘဲ အစားအသောက် ပြတ်လပ်မှု ဆိုးရွားစွာ ဖြစ်ပေါ်လာခဲ့ရာမှ လူသေဆုံးမှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းနှင့် အစိုးရက ကာဘောင်ခရိုင်ရှိ ကျေးရွာများသို့ ဇူလိုင် ၈ ရက်က ပြောင်း ၁၃ တန်နှင့် ပဲ ၉ တန် အပါအဝင် အရေးပေါ် အကူအညီ ၂၂ တန်ကို ပေးပို့ခဲ့ကြောင်း ဝန်ကြီးချုပ်ရုံး အမြဲတမ်း အတွင်းဝန် အဲလက်စ်ကာကိုဇာက ပြောကြားသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ မြေပြိုမှုကြောင့် ၁၀ ဦး သေဆုံး

**မနီလာ ဇူလိုင် ၁၀**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းရှိ ဆာရန်ဂါနီပြည်နယ် ကျေးရွာတစ်ရွာတွင် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက မြေပြိုမှုဖြစ်ပွားရာ မိသားစုနှစ်စု မြေကြီးအောက်၌ ပိတ်မိသွားခဲ့ကြောင်း ဒေသခံသဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲမှုအရာရှိက ပြောသည်။

မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုမှု ဖြစ်ပွားခဲ့ကာ လူ ၁၀ ဦးခန့် သေဆုံးခဲ့ကြောင်း၊ အမျိုးသားတစ်ဦးကို အပျက်အစီးများအောက်မှ ကယ်ဆယ်နိုင်ခဲ့ပြီး နောက်ထပ် မိသားစု ၁၁၅ စုကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

နောက်ထပ် မြေပြိုမှုများ ထပ်မံဖြစ်ပွားနိုင်သဖြင့် ဒေသခံများ နိုးနိုးကြားကြား နေထိုင်ကြရန် အာဏာပိုင်များက သတိပေးထားသည်။ **ဆင်ဟွာ**

## ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ


ဇူလိုင် ၁၂ ရက် နံနက်ပိုင်းမှာ နာမည်ကြီး အင်္ဂလန်၊ အာဂျင်တီးနား အသင်းတို့ပါဝင်တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာပါ။ အင်္ဂလန်က ဘရာဇီးကို အနိုင်ယူကျော်ဖြတ်ခဲ့တဲ့ နော်ဝေ၊ အာဂျင်တီးနားက ကိုလံဘီယာကို အနိုင်ယူကျော်ဖြတ်ခဲ့တဲ့ ဆွစ်ဇာလန်တို့ တွေ့ဆုံနေတာကြောင့် ရင်သပ်ရှုမောဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်**

| | | |
|---|---|---|
| နော်ဝေ | အင်္ဂလန် | နံနက် ၃း၃၀ |
| အာဂျင်တီးနား | ဆွစ်ဇာလန် | နံနက် ၇း၃၀ |

SUN JULY 12

# ကမ္ဘာ့ဖလားပြိုင်ပွဲကို ကွာတားဖိုင်နယ်အဆင့်နဲ့ နှုတ်ဆက်ရမယ့်အသင်းက နော်ဝေလား....အင်္ဂလန်လား...



**နော်ဝေ VS အင်္ဂလန်**

၁၆ သင်းအဆင့်မှာ နော်ဝေက ကမ္ဘာ့အင်အားကြီး ဘရာဇီးကို အံ့အားသင့်ဖွယ်အနိုင်ယူပြီး သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ကွာတားဖိုင်နယ် တက်လှမ်းလာတဲ့အသင်းဖြစ်တယ်။ အင်္ဂလန်က တစ်ယောက်လျော့အနေအထားနဲ့ မက္ကဆီကို ကို အနိုင်ယူပြီး တက်လှမ်းလာတဲ့ အသင်းဖြစ်တယ်။ အင်္ဂလန်က ကစားသမားအင်အား တောင့်တင်းပြီး အတွေ့အကြုံရင့်ကျက်မှုရှိတယ်ဆိုပေမယ့် ပြိုင်ဘက်အသင်းရဲ့ ဖိအားပေးခြင်းခံရရင် အသင်းကစားပုံဟန်ချက်ပျက်ပြီး အမှားတွေကျူးလွန်တတ်တာ သတိပြုရမယ်။



**အာလင်း ဟာလန်း (တိုက်စစ် – နော်ဝေ)**

- ခံစစ်ကို ထိုးဖောက်ပြီး ဂိုးသွင်းယူနိုင်စွမ်း မြင့်မားခြင်း။
  ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု – ၇ ကြိမ်

**မာတင် အိုဒီဂတ် (ကွင်းလယ်တိုက်စစ် – နော်ဝေ)**

- ဘောလုံးထိန်းချုပ်မှု ပါးနပ်ပြီး ဂိုးဖန်တီးမှု အားကောင်းခြင်း။
  ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု – ၃ ကြိမ်

**ဟယ်ရီကိန်း (တိုက်စစ် – အင်္ဂလန်)**

- နေရာစုံလိုက်ပါကစားနိုင်ပြီး ဂိုးသွင်းယူရာမှာ တုံ့ဆိုင်းမှု မရှိခြင်း။
  ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု – ၄ ကြိမ်

**ဘယ်လင်ဂမ် (ကွင်းလယ်တိုက်စစ် – အင်္ဂလန်)**

- ဖန်တီးမှုအားကောင်းပြီး ကိုယ်တိုင်ဂိုးသွင်းယူနိုင်ခြင်း။
  ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု – ၅ ကြိမ်

**နော်ဝေအသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ**

| | | | |
|---|---|---|---|
| **အုပ်စုပွဲစဉ် ရလဒ်များ** | | | |
| အီရတ် | ၁-၄ | နော်ဝေ | ဇွန် ၁၇ |
| နော်ဝေ | ၃-၂ | ဆီနီဂေါ | ဇွန် ၂၃ |
| နော်ဝေ | ၁-၄ | ပြင်သစ် | ဇွန် ၂၇ |
| **၃၂ သင်းအဆင့် ရလဒ်** | | | |
| အိုင်ဗရီကို့စ် | ၁-၂ | နော်ဝေ | ဇွန် ၃၀ |
| **၁၆ သင်းအဆင့် ရလဒ်** | | | |
| ဘရာဇီး | ၁-၂ | နော်ဝေ | ဇူလိုင် ၆ |

**အင်္ဂလန်အသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ**

| | | | |
|---|---|---|---|
| **အုပ်စုပွဲစဉ် ရလဒ်များ** | | | |
| အင်္ဂလန် | ၄-၂ | ခရိုအေးရှား | ဇွန် ၁၈ |
| အင်္ဂလန် | ၀-၀ | ဂါနာ | ဇွန် ၂၄ |
| ပနားမား | ၀-၂ | အင်္ဂလန် | ဇွန် ၂၈ |
| **၃၂ သင်းအဆင့် ရလဒ်** | | | |
| အင်္ဂလန် | ၂-၁ | ကွန်ဂို | ဇူလိုင် ၁ |
| **၁၆ သင်းအဆင့် ရလဒ်** | | | |
| မက္ကဆီကို | ၂-၃ | အင်္ဂလန် | ဇူလိုင် ၆ |

**အင်္ဂလန်ရဲ့ ဆိုးရွားသော မှတ်တမ်း**

နာမည်ကြီး အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် ရှုံးထွက်အဆင့်ပွဲစဉ်များတွင် ဥရောပတိုက်မှ အသင်းများနှင့် ဆုံတွေ့ခဲ့သည့် နောက်ဆုံးခြောက်ကြိမ်တွင် ငါးကြိမ်အထိ ရှုံးနိမ့်ခဲ့ဖူးသည့် ဆိုးရွားသော မှတ်တမ်းရှိသည်။

■ မိုးဇက် – စုစည်းသည်

## မင်းဘူး(စကု)၌ ဥပဒေဆရာဖြစ် သင်တန်းဖွင့်



**မင်းဘူး ဇူလိုင် ၁၀**

မင်းဘူး(စကု)မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း ဖွင့်ပွဲကို ဇူလိုင် ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်ဝင်းနှင့် ခရိုင်ဥပဒေအရာရှိတို့က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးဇင်ကိုမင်းနှင့် တာဝန်ရှိသူများက အုပ်ချုပ်ရေးမှူး ၅၅ ဦးအား သိသင့်သိထိုက်သော ဥပဒေ၊ နည်းဥပဒေများနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ သိကောင်းစရာဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ပဲခူးမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြ

**ပဲခူး ဇူလိုင် ၁၀**

ပဲခူးမြို့နယ်အတွင်း ဒေသခံတောင်သူများအနေဖြင့် လယ်ယာသုံး



စက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရေး ရည်ရွယ်၍ စက်မှုလယ်ယာဦးစီးဌာနမှ အင်ဂျင်စွမ်းအားသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယမန်နေ့က ရွှေတန်ကျေးရွာရှိ တောင်သူဦးမြင့်ရွှေ၏ လယ်မြေ သုံးဧကတွင် ပြုလုပ်ရာ ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို မြို့နယ်ဦးစီးဌာနမှူး ဦးခင်ညွန့်က ရှင်းလင်းပြောကြားပြီး သရုပ်ပြပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်စိုးမိုး၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး၊ ခရိုင်/မြို့နယ် စိုက်ပျိုးကြီးကြပ်ရေးကော်မတီဝင်များနှင့် ဒေသခံတောင်သူများ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**သက်ထက်**

## မော်လမြိုင်မြို့ အထက(၁၂)၌ အခွန်အကြောင်း အသိပညာပေးဆွေးနွေး

**မော်လမြိုင် ဇူလိုင် ၁၀**

ကျောင်းသား ကျောင်းသူများ အခွန်ဆိုင်ရာ ဗဟုသုတများ တိုးပွားစေရန်နှင့် နိုင်ငံသားကောင်းတစ်ဦး၏ တာဝန်နှင့်ဝတ္တရားများကို သိရှိနားလည်စေရန် ရည်ရွယ်၍ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်း၌ အခွန်အကြောင်း သိကောင်းစရာ အသိပညာပေး



ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က အဆိုပါ ကျောင်းခန်းမ၌ ပြုလုပ်ခဲ့ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်တင်လေးနွယ်က အခွန်အကောက်ဆိုင်ရာ အသိပညာများကို ရှင်းလင်းပြောကြားပြီး အခွန်အကြောင်း သိကောင်းစရာများကို အမေး၊ အဖြေကဏ္ဍဖြင့် ဆောင်ရွက်ခဲ့ကြကာ ဆွေးနွေးပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဘီးလင်း ဇူလိုင် ၁၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ်အဖြစ် ၂၀၂၆ ခုနှစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ဘီးလင်းမြို့နယ် ဝင်းကကျေးရွာ၌ ပြုလုပ်ရာ ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး ပျိုးပင်များကို သတ်မှတ်ထားသောနေရာများတွင် စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မောင်မွေး**



သန်လျင်မြို့ အထက(၄)မှ အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား သန်လျင်မြို့နယ် လဝကဦးစီးမှူး ဦးဖွဲ့မင်းဦးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၈ ရက်က သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်မျိုးအောင် ကြည့်ရှုအားပေးစဉ်။

သန်းဝင်း(သန်လျင်)



လားရှိုးမြို့၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ (၁၉) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းကို ဇူလိုင် ၁၀ ရက်က ခုတင် (၅၀၀) ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ ကျင်းပရာ ဝန်ထမ်းများနှင့် ရင်ငြိမ်းအေးပရဟိတအသင်းတို့မှ ၃၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြပြီး ဆေးရုံအုပ်ကြီးနှင့် ပြည်နယ်မန်နေဂျာ ဦးမြတ်ဇင် တို့က အာဟာရဖြည့်စွက်စာ ပေးအပ်စဉ်။

ခရိုင်(ပြန်/ဆက်)



ပြင်ဦးလွင်မြို့နယ် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆)ဆင်းပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက်က Burst Transmission Co.,Ltd. ၌ ကျင်းပရာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားစဉ်။

ဘုန်းမြတ်

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

## အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာမကြီး ဒေါက်တာမတင်ဝင်း ကွယ်လွန်

**နေပြည်တော် ဇူလိုင် ၁၀**



၂၀၂၁ ခုနှစ်၊ အမျိုးသားစာပေ တစ်သက်တာဆုရှင် ဒေါက်တာမတင်ဝင်း

မြန်မာစာပေနှင့် ပညာရေးနယ်ပယ်တွင် ထင်ရှားစွာ အကျိုးပြုခဲ့သူ၊ ၂၀၂၁ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရှင်၊ စည်သူနှင့် အလင်္ကာကျော်စွာ ဆရာမကြီး ဒေါက်တာဒေါ်တင်ဝင်း [ဒေါက်တာမတင်ဝင်း- ပညာရေးတက္ကသိုလ်] သည် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။ ကွယ်လွန်ချိန်တွင် အသက် (၈၇) နှစ် ရှိပြီဖြစ်သည်။

ဆရာမကြီး ဒေါက်တာဒေါ်တင်ဝင်းကို အဖ ဦးဘငွေး၊ အမိ ဒေါ်ရင်တို့မှ ၁၉၄၀ ပြည့်နှစ်တွင် မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့၌ မွေးဖွားခဲ့သည်။ ပညာရေးဘက်တွင် ၁၉၅၆ ခုနှစ်၌ ရေနံချောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)မှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် မကွေးဥပစာကောလိပ်မှ ဥပစာတန်း အောင်မြင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မဟာပညာရေးဌာနမှ ပညာရေးဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ယင်းနှစ်တွင်ပင် ရေနံချောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၌ အထက်တန်းပြဆရာမအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၅ ခုနှစ်တွင် ဆိုဗီယက်နိုင်ငံသို့ ပညာသင်စေလွှတ်ခံခဲ့ရပြီး ၁၉၇၀ ပြည့်နှစ်တွင် သင်ပြနည်းပညာ (သမိုင်းအထူးပြု) ဘာသာရပ်ဖြင့် ပါရဂူဘွဲ့ ရရှိခဲ့သည်။ ထို့နောက် ပညာရေးတက္ကသိုလ် သင်ပြနည်းပညာဌာနတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ပါမောက္ခအဖြစ် အငြိမ်းစားယူခဲ့သည်။

စာပေလောကသို့ ၁၉၆၈ ခုနှစ်တွင် ပညာတန်ဆောင် မဂ္ဂဇင်း၌ ပညာရေးဆိုင်ရာ ဆောင်းပါးများ ရေးသားခြင်းဖြင့် စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၄ ခုနှစ်မှစ၍ သောင်းပြောင်းထွေလာ မဂ္ဂဇင်းတွင် သမိုင်း၊ နိုင်ငံရေး၊ လူမှုရေးနှင့် ပညာရေးဆိုင်ရာ ဆောင်းပါးများကို အဆက်မပြတ် ရေးသားထုတ်ဝေခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ရာဇဝင်ထဲက မိန်းမသား အမည်ရှိ ပထမဆုံး လုံးချင်းစာအုပ်ကို ထုတ်ဝေခဲ့ပြီးနောက် သမိုင်းသုတ၊ နိုင်ငံရေးသုတနှင့် အမျိုးသမီးကဏ္ဍဆိုင်ရာ စာအုပ်များစွာကို ဆက်လက်ပြုစုရေးသားခဲ့သည်။

ဆရာမကြီးသည် ကုန်းဘောင်ကိုဆန်၍ စာအုပ်ဖြင့် ၂၀၀၁ ခုနှစ် အမျိုးသားစာပေ (နိုင်ငံရေး)ဆု၊ အာရှနိုင်ငံများကို ဖွဲ့ယူသိမ်းပိုက်ခဲ့ကြသည့် နယ်ချဲ့များ စာအုပ်ဖြင့် ၂၀၀၃ ခုနှစ် အမျိုးသားစာပေ (နိုင်ငံရေး) ဆု၊ မင်းယောကျ်ားတို့၏စကားရာဇဝင် စာအုပ်ဖြင့် ၂၀၀၄ ခုနှစ် အမျိုးသားစာပေ (စာပဒေသာ) ဆုနှင့် စစ်မီးမငြိမ်းမြက်မစိမ်းနိုင်သည့်မြေ စာအုပ်ဖြင့် ၂၀၀၈ ခုနှစ် သုတစွယ်စုံစာပေဆုတို့ကို ရရှိခဲ့သည်။

မြန်မာစာပေအကျိုးအတွက် တစ်သက်တာ အားထုတ်ရေးသားပြုစုခဲ့မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၁ ခုနှစ်တွင် အမျိုးသား စာပေတစ်သက်တာဆုကို ချီးမြှင့်ခံခဲ့ရသည်။ ထို့ပြင် ၂၀၂၂ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့နှင့် ၂၀၂၅ ခုနှစ်တွင် စည်သူဘွဲ့တို့ကိုလည်း နိုင်ငံတော်က ချီးမြှင့်အပ်နှင်းခဲ့သည်။

စာရေးသက် နှစ်ပေါင်း ၅၀ ကျော်အတွင်း ပညာရေး၊ သမိုင်းနှင့် နိုင်ငံရေးဆိုင်ရာ ဆောင်းပါးများစွာ ရေးသားခဲ့ပြီး လုံးချင်းစာအုပ် ၁၁၁ အုပ်ကို ပြုစုထုတ်ဝေခဲ့သည်။ ဆရာမကြီး၏ လက်ရာများသည် မြန်မာ့သမိုင်း၊ အမျိုးသမီးကဏ္ဍနှင့် နိုင်ငံရေးသုတတို့ကို စိတ်ဝင်စားလေ့လာသူများအတွက် အထောက်အကူပြုသော စာအုပ်များအဖြစ် ယနေ့တိုင် တန်ဖိုးထားဖတ်ရှုလျက်ရှိသည်။

ဆရာမကြီးသည် ဇူလိုင် (၁၀) ရက် နံနက် ၇ နာရီတွင် မင်္ဂလာဒုံ စစ်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

ဆရာမကြီး ဒေါက်တာဒေါ်တင်ဝင်း [ဒေါက်တာမတင်ဝင်း- ပညာရေးတက္ကသိုလ်] ကွယ်လွန်သွားခြင်းသည် ပညာရေးနှင့် မြန်မာစာပေလောကအတွက် တန်ဖိုးရှိသည့် စာပေ ပညာရှင်တစ်ဦးကို ဆုံးရှုံးလိုက်ရခြင်းဖြစ်ပြီး ၎င်း၏ စာပေလက်ရာများနှင့် ပညာရေးအမွေအနှစ်များမှာ မြန်မာစာပေသမိုင်းတွင် ဆက်လက်တည်ရှိနေမည် ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ကိုကိုးကျွန်းမှ ပညာ့အလင်းဆောင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၏ ဝမ်းသာပီတိ စကားသံများ


ဒုတိယဗိုလ်မှူးကြီး ဖြိုးဇင်ဦး


ဒေါ်ခင်အေးနိုင်


တပ်သားဘုန်းထက်ပိုင်


မသုန့်ဝတီဦး


မောင်သူရအောင်


မောင်မြတ်ဇော်လင်း


မောင်ဝင်းစည်သူငြိမ်း


မစုစန္ဒာလှိုင်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကိုကိုးကျွန်းမြို့နယ်မှ တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုသူ ရှစ်ဦးစလုံး အောင်မြင်ခဲ့ကာ တပ်မတော် မိသားစုဝင် သားသမီးများနှင့် တပ်မတော် (လေ) မှ တပ်သားတစ်ဦးလည်း ပါဝင်ခဲ့သည်။ ထိုကဲ့သို့ ပူးပေါင်းကြိုးပမ်းအားထုတ်မှုမှ အနာဂတ်ပန်းခင်းလမ်းကို ပုံဖော်စွမ်းဆောင်နိုင်ခဲ့ကြသော ကိုကိုးကျွန်းမှ ပညာ့အလင်း ဆောင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ၏ ဝမ်းသာပီတိ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။

**တပ်သားဘုန်းထက်ပိုင်**
**တပ်မတော် (လေ)**

ကျွန်တော်က တက္ကသိုလ်ဝင်တန်းကို ပထမအကြိမ်အနေနဲ့ ဖြေဆို အောင်မြင်ခဲ့တာပါ။ လက်ရှိထမ်းဆောင်နေတဲ့ တာဝန်ထက် ပိုပြီးမြင့်မားတဲ့ တာဝန်ကို ထမ်းဆောင် လိုတာကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကို ကြိုးစားပြီး ဖြေဆိုခဲ့ပါတယ်။ အခုလို အောင်မြင်မှုရရှိအောင် ကူညီပေးခဲ့တဲ့ တာဝန်ရှိသူတွေကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို ဖြေဆိုခွင့်ပေးခဲ့တဲ့အပြင် စာကို ဖိဖိစီးစီး လုပ်ဆောင်ဖို့ ပံ့ပိုးပေးခဲ့တဲ့အတွက် အောင်မြင်မှုရရှိခဲ့တာပါ။ ကျွန်တော့် ဘဝအနာဂတ်အတွက် တန်ဖိုးဖြတ်လို့မရတဲ့ အောင်မြင်မှု ဆုလာဘ်တစ်ခုပါ။ ဒါကြောင့် တပ်မတော် (လေ)က တာဝန်ရှိသူတွေ အားလုံး၊ ဆရာ ဆရာမတွေ အားလုံးကို ကျေးဇူးတင် ဦးခိုက်ကန်တော့ပါတယ်။

စာမေးပွဲမှာ ကျန်ခဲ့တဲ့ ရဲဘော်ရဲဘက်တွေအနေနဲ့ စိတ်ဓာတ်မကျဘဲ ဆက်လက်ပြီး ကြိုးစားကြပါ။ တပ်မတော်က ပညာရေးကို အားပေးနေတာဖြစ်တဲ့အတွက် အောင်မြင်အောင် ကြိုးစားဖြေဆိုပြီး တပ်မတော်နဲ့ ကိုယ့်ဘဝအနာဂတ် တိုးတက်အောင် စွမ်းဆောင်ကြပါ။ ကျွန်တော် အဝေးသင် တက္ကသိုလ်တက်ရောက်မှာပါ။ ဘွဲ့ရပြီးရင် တပ်မတော်အရာရှိတစ်ဦး ဖြစ်ချင်ပါတယ်။

**မသုန့်ဝတီဦး (တပ်မတော်(ရေ) မိသားစုဝင်)**

အရင်နှစ်က ကျရှုံးခဲ့တာကြောင့် အခုနှစ်မှာ အောင်မြင်ရမယ်ဆိုတဲ့ စိတ်နဲ့ ကြိုးစားခဲ့ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားပေးမှုကို စာသင်နှစ်စကတည်းက စူးစိုက်သင်ယူခဲ့ပါတယ်။ တစ်နေ့စာ တစ်နေ့ လေ့လာကျက်မှတ်ခဲ့ပါတယ်။ ဆရာ ဆရာမတွေ၊ မိဘနှစ်ပါးနဲ့ တပ်မတော် (ရေ) နဲ့ (လေ)က တာဝန်ရှိသူတွေ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်မဘွဲ့ရပြီး အသက်မီရင် စစ်သူနာပြု တက္ကသိုလ်ကို တက်ချင်ပါတယ်။

**မောင်သူရအောင်**
**(တပ်မတော်(ရေ) မိသားစုဝင်)**

ကျောင်းစတက်ကတည်းက ကျောင်းစာကို ပုံမှန်လေ့လာကျက်မှတ်ပါတယ်။ ညပိုင်းမှာ ကျက်မှတ်ထားတဲ့ စာတွေကို မနက် ၅ နာရီမှာ ပြန်ပြီးလေ့လာခဲ့ပါတယ်။ တက္ကသိုလ်ဝင်တန်း အောင်မြင်အောင် ပံ့ပိုးပေးခဲ့ကြတဲ့ ပညာရေးမှူး၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမတွေနဲ့ တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ တက္ကသိုလ်တက်ရောက်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ချင်ပါတယ်။

**မောင်မြတ်ဇော်လင်း (တက္ကသိုလ်ဝင်တန်း အောင်မြင်သူ)**

အခုလို အောင်မြင်မှုရရှိအောင် စာသင်နှစ် အစပိုင်းကတည်းက ဆရာ ဆရာမတွေရဲ့ သင်ကြားမှုကို သေချာလေ့လာ သင်ယူခဲ့ပါတယ်။ အခုလို ကြိုးစားမှုနဲ့ ထိုက်တန်တဲ့ ရလဒ်ရခဲ့တဲ့အပေါ် အားရကျေနပ်ပါတယ်။ ဆရာ ဆရာမတွေ၊ မိဘနှစ်ပါးနဲ့ သက်ဆိုင်ရာ တာဝန်ရှိ လူကြီးတွေအားလုံး တက္ကသိုလ်ဝင်တန်း ကျောင်းသားတွေကို ဂရုစိုက်ပေးခဲ့တဲ့အပေါ် ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော်ဘွဲ့ရပြီးရင် နိုင်ငံ့ဝန်ထမ်း တစ်ဦးဖြစ်ဖို့ ရည်မှန်းထားပါတယ်။

**မောင်ဝင်းစည်သူငြိမ်း**
**(တပ်မတော်(ရေ) မိသားစုဝင်)**

ကျွန်တော်က ဒုတိယအကြိမ်ဖြေဆို အောင်မြင်တာပါ။ အောင်မြင်မှု ရရှိအောင် ကျွန်တော် ကြိုးစားခဲ့တယ်။ ဆရာ ဆရာမတွေက ကျွန်တော်တို့အပေါ် ထားတဲ့ စေတနာမေတ္တာကို အောင်မြင်မှုနဲ့ ကျေးဇူးပြန်ဆပ်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ မိဘနှစ်ပါး၊ ဆရာ ဆရာမတွေ၊ တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ အခုနှစ် ဖြေဆိုကြမယ့်သူတွေကို အကြံပြုချင်တာက တက္ကသိုလ်ဝင်တန်းဟာ ကျွန်တော်တို့ လူငယ်တွေဘဝအနာဂတ်အတွက် ခံတပ်ကြီးတစ်ခုဖြစ်တဲ့အတွက် အားမလျှော့ဘဲ အောင်မြင်အောင် အစွမ်းကုန်ကြိုးစား ကြစေချင်ပါတယ်။ ကျွန်တော်ကတော့ တက္ကသိုလ်ဆက်တက်ပြီး ဘွဲ့ရပြီးတာနဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်သွားမှာပါ။

**မစုစန္ဒာလှိုင်(တက္ကသိုလ်ဝင်တန်း အောင်မြင်သူ)**

အခုလို အောင်မြင်အောင် အဘက်ဘက်က ကြိုးပမ်းပေးခဲ့ကြတဲ့ ဆရာ ဆရာမတွေ၊ မိဘနှစ်ပါးနဲ့ ဌာနဆိုင်ရာ လူကြီးတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ ဒေသက မြို့ပြမဟုတ်တဲ့အတွက် လိုအပ်တာကို ချက်ချင်း မရနိုင်ပါဘူး။ ဒါပေမယ့် အကောင်းဆုံး ဖြည့်ဆည်းပေးမှုတွေနဲ့ အောင်မြင်မှုရအောင် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြပါတယ်။ ဒါကြောင့် ဝိုင်းဝန်းကူညီပေးခဲ့သူ အားလုံးကို ဂါရဝပြုဦးခိုက်ပါတယ်။ ကျွန်မအနေနဲ့ တက္ကသိုလ်ဆက်လက်တက်ရောက်သွားမှာပါ။ သူနာပြုအဖြစ် တာဝန်ထမ်းဆောင်ချင်ပါတယ်။

**ဒေါ်ခင်အေးနိုင်**
**(ကိုကိုးကျွန်းမြို့နယ် ပညာရေးမှူး)**

ကျွန်မတို့ ကျောင်းမှာ မနှစ်က ၁၉ ဦး ဖြေဆိုရာမှာ ၁၂ ဦး အောင်မြင်ခဲ့ပါတယ်။ အခုနှစ်မှာတော့ ရာနှုန်းပြည့် အောင်မြင်ခဲ့တာပါ။ အခုလို ရာနှုန်းပြည့် အောင်မြင်မှုရရှိအောင် ကလေးတွေကို ညနေပိုင်းနဲ့ ညပိုင်းအချိန်ပိုသင်ကြားပေးတယ်။ ကျောင်းအုပ်ဆရာကြီး ဦးရန်အောင်နဲ့ ဆရာ ဆရာမ ၁၁ ဦးရဲ့ အနီးကပ်သင်ကြားမှုနဲ့အတူ တပ်မတော်(ရေ) နဲ့ (လေ)က တာဝန်ရှိသူတွေနဲ့ မြို့နယ်တာဝန်ရှိသူတွေက ကလေးတွေအတွက် အစားအသောက်ကအစ ဖြည့်ဆည်းဆောင်ရွက်ပေး တာ၊ အမြဲမပြတ်ကြည့်ရှုစောင့်ရှောက်မှု ပေးတာက ကျောင်းသားတွေအတွက် စိတ်ခွန်အား ရရှိစေခဲ့ပါတယ်။ တန်းလုံးကျွတ် အောင်မြင်ခဲ့မှုအပေါ် ဝမ်းသာ ကြည်နူးဖြစ်ရပါတယ်။ အထူး ကျေးဇူးတင်ရှိပါတယ်။ ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုမယ့်သူ ၂၁ ဦး ရှိလာတဲ့အတွက် ပိုပြီးကြိုးစားသွားမှာပါ။

**ဒုတိယဗိုလ်မှူးကြီး ဖြိုးဇင်ဦး**
**(တပ်မတော် (လေ) )**

ကျွန်တော့် တပ်သားလေးက စာမေးပွဲဖြေဆိုလိုကြောင်း သတင်းပို့တဲ့အတွက် မြို့နယ်ပညာရေးမှူးထံအပ်ပြီး သူ့ရဲ့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ တပ်သားလေးက တက္ကသိုလ်ဝင်တန်း အောင်မြင်သွားတဲ့အတွက် ပစ္စည်းထိန်းလုပ်ငန်းကနေ စက်မှုပိုင်းဆိုင်ရာကို တိုးမြှင့်ရောက်ရှိပြီး သူ့ရဲ့ဝါသနာ လေယာဉ်ထိန်းသိမ်းပြင်ဆင်မှုအပိုင်းကို တက်လှမ်းသွားမှာပါ။ ရဲဘော်တွေ ဘဝတိုးတက် မြင့်မားရေးအတွက် အားပေးမြှင့်တင်ရမှာ ကျွန်တော်တို့ တာဝန်ပါ။ စာကိုပဲ ဖိဖိစီးစီး လုပ်ဆောင်စေခဲ့ပါတယ်။ တပ်သားအနေနဲ့ အဝေးသင်တက်ပြီး ဘွဲ့ရတဲ့အခါ အရာရှိဖြစ်နိုင်တာမို့ အဲဒီအတွက် လိုအပ်တာဖြည့်ဆည်းပေးနိုင်ခဲ့တဲ့အပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်။ အောင်မြင်မှုဟာ ယုံကြည်ချက်နဲ့ ခံယူချက်ကို မြင့်မားစေတာကြောင့် ဒီအတိုင်း ရပ်မနေဘဲ ဆက်ပြီးကြိုးစားစေချင်ပါတယ်။ သူတို့တွေရဲ့ အောင်မြင်မှုဟာ တပ်မတော်အတွက် စွမ်းအားတစ်ရပ်ကို ရရှိစေပါတယ်။

**သန်းထိုက်(သတင်းစဉ်)**
**ဓာတ်ပုံ- စည်သူ**




ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ စဉ်ဆက်မပြတ် သင်ကြားရေးသင်တန်းကို ဇူလိုင် ၇ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ပြုလုပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစည်သူစန်းက မိခင်မှကလေးသို့ HIV ရောဂါပိုး မကူးစက်ရေးနည်းလမ်းများနှင့် ဆေးရုံတွင် ရောဂါပိုး မကူးစက်စေရေးနည်းလမ်းများကို သင်ကြားပို့ချဆွေးနွေးစဉ်။

မျိုးမင်း(ပြန်/ဆက်)

ဝကျောဖုံးမှ

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ရှစ်ထပ်အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ရှစ်ထပ်အဆောက်အအုံဖြိုဖျက်ပြီး တွေ့ရစဉ်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၁ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ခြောက်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မရမ်းကုန်းမြို့နယ်၌ မြို့နယ်သံဃနာယကအဖွဲ့မှ ဝိနည်းဓိုရ် ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ မြို့နယ်သံဃနာယက



အဖွဲ့က ကြီးမှူး၍ ဂိုဏ်းပေါင်းစုံ သံဃနာယကနှင့် ဝိနည်းဓိုရ် ဆင့်ပွားသင်တန်းကို ဇူလိုင် ၈ ရက်က အမှတ်(၁)ရပ်ကွက်ရှိ ပဋ္ဌာန်းဓမ္မာရုံ၌ ဖွင့်လှစ်ရာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂသာမိက အဖွင့်ဩဝါဒကထာ မြွက်ကြားပေးသည်။ ထို့နောက် တိုင်းဒေသကြီးသာသနာရေးမှူး ဦးဇော်ဦးက သာသနာရေးဆိုင်များ လျှောက်ထားပြီး မရမ်းကုန်းမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တဝိလာသဂ္ဂက သင်တန်းဖြစ်ပေါ်လာပုံကို ရှင်းလင်းမိန့်ကြားသည်။ အဆိုပါသင်တန်းကို ဇူလိုင် ၈ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ရဲရင့်သိန်းထွန်း**

## နောင်ချိုမြို့နယ်၌ မူလတန်းကျောင်းသား ကျောင်းသူများအား ဖြည့်စွက်အာဟာရတိုက်ကျွေး

**နောင်ချို ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အခြေခံပညာ ကျောင်းသား ကျောင်းသူများအား နွားနို့နှင့် ကြက်ဥပြုတ် ဖြည့်စွက်အာဟာရတိုက်ကျွေးခြင်း အခမ်းအနားကို ယမန်နေ့က ကံကြီးကျေးရွာ အထက-ကံကြီး၌ ဆောင်ရွက်ရာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်သန်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ပြီး အခြေခံပညာ ကျောင်းသား ကျောင်းသူ ၅၅၇ ဦးအား နွားနို့ ပိဿာ



၇၀ နှင့် ကြက်ဥပြုတ် ၅၅၇ လုံးကို ဖြည့်စွက်အာဟာရ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆင်ပေါင်ဝဲမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ် ထုတ်ပေး



**ဆင်ပေါင်ဝဲ ဇူလိုင် ၁၀**

ဆင်ပေါင်ဝဲမြို့နယ်၌ အခြေခံပညာ အထက်တန်းကျောင်းရှိ အသက် ၁၀ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇူလိုင် ၈ ရက်က အဆိုပါကျောင်း၌ ကွင်းဆင်း ဆောင်ရွက်ပေးရာ မြို့နယ်ဦးစီးမှူး ဦးကျော်စွာမြင့်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ဒဂုံတက္ကသိုလ်၌ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို ယမန်နေ့က တက္ကသိုလ်အားကစားခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးမင်းက နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းများကို သိရှိနားလည်စေရန် ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီအဖွဲ့အစည်းများ၏ ဝန်ထမ်းခန့်ထားရေးအစီအစဉ်များကို တိုက်ရိုက် မိတ်ဆက်ပေးနိုင်ရန် လုပ်ငန်းခွင်လိုအပ်ချက်များ၊ အရည်အချင်းများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဗဟုသုတများကို လေ့လာနိုင်စေရန် ရည်ရွယ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ကုမ္ပဏီ၊ ဘဏ်နှင့် လုပ်ငန်း ၂၁ ခုမှ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းလျှောက်ထားခဲ့ကြောင်း သိရသည်။

**ဖွဲ့မင်းထက်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ပန်းတောင်း ဇူလိုင် ၁၀**

ပန်းတောင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ဒေါင်းမြတ်နားကျေးရွာ ပြည်-တောင်ကုတ်ကားလမ်း မိုင်တိုင်အမှတ် (၉/၃)၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဒေသခံပြည်သူ စုစုပေါင်း ၂၄၀ တို့က ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ မယ်ဇယ်၊ ခရေ၊ စိန်ပန်း၊ ငုဝါ စသည့် အရိပ်ရ၊ ပန်းအလှပျိုးပင် စုစုပေါင်း ၉၆၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## ခေတ်အလိုက်ဝတ်စားဆင်ယင်မှုပြပွဲနှင့် တိုင်းရင်းသားရိုးရာ အစားအစာဈေးရောင်းပွဲကျင်းပ

**မအူပင် ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး Polytechnic University (မအူပင်) ၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ခေတ်အလိုက်ဝတ်စားဆင်ယင်မှုပြပွဲနှင့် တိုင်းရင်းသားရိုးရာအစားအစာ ဈေးရောင်းပွဲတော်အခမ်းအနားကို ဇူလိုင် ၃ ရက်က ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာသန္တာသိန်းက အမှာစကားပြောကြားသည်။ ထို့နောက် ဝတ်စားဆင်ယင်မှု တေးသရုပ်ဖော်အကများဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြသည်။ ဆက်လက်၍ တိုင်းရင်းသားရိုးရာအစားအစာ ဈေးရောင်းပွဲတော်ကို ကျင်းပရာ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်း



သား ကျောင်းသူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



## ဓနုဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေး

**ဓနုဖြူ ဇူလိုင် ၁၀**

ဓနုဖြူမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇူလိုင် ၈ ရက်က အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## ဒေါပုံမြို့နယ်၌ အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေး

**ဒေါပုံ ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်မှူးရုံး၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အခွန်ပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၉ ရက်က ကျင်းပရာ မြို့နယ်အခွန်ဦးစီးမှူး ဦးကျော်မျိုးထွေးက အခွန်အမျိုးအစားခြောက်မျိုး၊ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် လိုက်နာရမည့်အချက်များ၊ အခွန်ပျက်ကွက်မှုများအတွက် ပြစ်ဒဏ်များ စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**



## ရေဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**ရေဖြူ ဇူလိုင် ၁၀**

ရေဖြူမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးစိုးမင်းနိုင်နှင့် ဝန်ထမ်းများက အထက ရေဖြူကျောင်းခန်းမ၌ ယနေ့နံနက်က မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇင်လင်းနိုင်နှင့်အဖွဲ့ဝင် ယာယီရဲမှူး နိုင်ဝင်းသိန်းတို့က ကြည့်ရှုအားပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ အကြိုအခြေခံ မီးသတ်သင်တန်းကို ဇူလိုင် ၆ ရက်က မြို့မစည်ပင်သာယာခန်းမ၌ ဖွင့်လှစ်ရာ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၃၅ ဦး တက်ရောက်သင်ကြားစဉ်။ မြို့နယ်(ပြန်/ဆက်)

## ညောင်တုန်းမြို့နယ် မောင်းစုချောင်းတံတား ဆောက်လုပ်နေမှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



ညောင်တုန်း ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြမ္မာပြာသာ ကျေးရွာအုပ်စု သောင်တန်း-မောင်းစုလမ်းပေါ်ရှိ မောင်းစုချောင်းတံတား ဆောက်ရွက်နေမှုလုပ်ငန်းအား ဇူလိုင် ၉ ရက်တွင် တိုင်းဒေသကြီးတာဝန်ခံ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး မအူပင်မြို့နယ် ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဘဏ္ဍာနှစ်အလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့်စီမံချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်အလိုက် စီမံချက်ရေးဆွဲထားမှုများအပေါ် စိစစ်သုံးသပ်မှာကြားခဲ့ကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ လက်ဆွဲမျိုးစေ့ချကိရိယာ ပေးအပ်ပွဲ

ပန်းတောင်း ဇူလိုင် ၁၀

ပန်းတောင်းမြို့နယ်၌ တောင်သူများအား လက်ဆွဲမျိုးစေ့ချကိရိယာ ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဒေသခံတောင်သူကြီးများ ထံသို့ လက်ဆွဲမျိုးစေ့ချကိရိယာများကို ပေးအပ်ခဲ့ကြသည်။

**လပြည့်လင်း(ပြန်/ဆက်)**



## မိုင်းဖြတ်မြို့နယ်၌ ဖိုင်ကန်ရေလွှဲဆည်ဆောင်ရွက်ပြီးစီး၍ စိုက်ပျိုးရေပေးဝေ

မိုင်းဖြတ် ဇူလိုင် ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ဖိုင်ကန်ရေလွှဲဆည်တည်



ဆောက်ခြင်းလုပ်ငန်းကို နမ့်လန်းကျေးရွာအုပ်စုရှိ နမ့်ဖတ်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိရာ ယခုအခါ လုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါလုပ်ငန်းကို မိုင်းဖြတ်မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၉၈ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဖိုင်ကန်ရေလွှဲဆည်အနီးရှိ ကျေးရွာများဖြစ်သည့် ဝမ်လွေ့ရွာ၊ ပါထွန်ရွာ၊ နမ့်လောက်ရွာမှ ဒေသခံတောင်သူများ၏ စိုက်ပျိုးလယ်ယာမြေဧက ၁၇၀ ကျော်ကို စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ လယ်ယာကုန်ထုတ်လမ်းနှင့် ရေမြောင်း ဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းတိုင်းတာခြင်းများ ဆောင်ရွက်

ချောင်းဆုံ ဇူလိုင် ၁၀

ချောင်းဆုံမြို့နယ် ကမာမိုကျေးရွာနှင့် ကုလားဘီကျေးရွာတို့တွင် လယ်ယာကုန်ထုတ်လမ်း ဆောင်ရွက်ပေးနိုင်ရေးနှင့် ရေမြောင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာခြင်းကို ဇူလိုင် ၈ ရက်က ဆောင်ရွက်ရာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောမြင့်ထွန်းနှင့်ဝန်ထမ်းများက ကုလားဘီကျေးရွာ၌ ရေကြီး၊ ရေလျှံဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရေး ရေမြောင်းများ တူးဖော်ဆောင်ရွက်ပေးနိုင်ရေး တိုင်းတာခြင်း၊ ကမာမိုကျေးရွာရှိ တောင်သူများ၏ လယ်ဧက ၁၅၀၀ ခန့် အကျိုးပြုနိုင်မည့် လယ်ယာကုန်ထုတ်လမ်း ဆောင်ရွက်ပေးနိုင်ရေး တိုင်းတာခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**ကိုကျော်(ချောင်းဆုံ)**



## လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

ညောင်ဦး ဇူလိုင် ၁၀

ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အနော်ရထာခန်းမ၌ ဇူလိုင် ၈ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိ



က အမှာစကား ပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာလင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၁၆ ဦးဖြင့် ဇူလိုင် ၉ ရက်မှ ၁၅ ရက်အထိ ပထမအကြိမ်(အခြေခံ)သင်တန်းနှင့် ဒုတိယအကြိမ် (မွမ်းမံ) သင်တန်းကို ဇူလိုင် ၂၂ ရက်မှ ၂၇ ရက်အထိ စာတွေ့လက်တွေ့ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဒီပါလင်း**

## တိုက်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

တိုက်ကြီး ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (တိုက်ကြီး)ရှိ အနော်ရထာခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသူအောင်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွဋ်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးတင်ဌေးနှင့် တာဝန်ရှိသူများက အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၁၆၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**



## ပဲခူးမြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏အကြို အခြေခံမီးသတ်သင်တန်းဖွင့်

ပဲခူး ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကြိုအခြေခံ မီးသတ်သင်တန်းကို ဇူလိုင် ၆ ရက်က ညောင်အင်းစက်မှုဇုန်ရှိ Tan Chong Motor (Myanmar) စက်ရုံ၌ ဖွင့်လှစ်ရာ ပဲခူးခရိုင် မီးသတ်ဦးစီးမှူးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြများက သင်တန်းဆိုင်ရာ ဘာသာရပ်များ ဆွေးနွေးပို့ချသည်။

အဆိုပါ သင်တန်းတွင် Tan Chong Motor (Myanmar) စက်ရုံ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး တက်ရောက်ကြ၍ ရက်သတ္တနှစ်ပတ်



ဖွင့်လှစ်မည်ဖြစ်ပြီး အခြေခံမီးသတ်ပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရေဖြူမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးမှု ကွင်းသရုပ်ပြ

ရေဖြူ ဇူလိုင် ၁၀

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက မျိုးစေ့ချကိရိယာဖြင့် မိုးစပါး စိုက်ပျိုးခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကိုယနေ့ နံနက်ပိုင်းက ရေဖြူမြို့ (ခ)ရပ်ကွက် တောင်သူ ဦးနိုင်ထွေး၏ လယ်မြေ သုံးဧကခွဲ ကျင်းပရာ (က)၊ (ခ) ရပ်ကွက်၊ ညင်းထွေး၊ ကျောက်



ထောင်၊ နတ်တွင်း ကျေးရွာအုပ်စုများရှိ လယ်စိုက်တောင်သူများ တက်ရောက်လေ့လာကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးစေ့ချကိရိယာ အသုံးပြု၍ လယ်မြေများတွင် အစေ့ချစိုက်ပျိုးပုံ နည်းစနစ်များကို လက်တွေ့ဆောင်ရွက်ပြသခဲ့သည်။

အဆိုပါ အခမ်းအနားကို မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူ ၆၀ ခန့် တက်ရောက်လေ့လာကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုဒုံမြို့၌ ပြည်သူလူထု ပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေး

မုဒုံ ဇူလိုင် ၁၀

မွန်ပြည်နယ် မုဒုံမြို့၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၇ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းနှင့် မြို့နယ်သစ်အုပ်ကြီးတို့က သစ်တောသစ်ပင်များ၏ အရေးပါပုံ၊ လက်ရှိသစ်တောဖုံးလွှမ်းမှု၊ မြို့နယ်အတွင်းသစ်ပင်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးမှု၊ ပျိုးပင်များ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

## ဖခင်အမည်မှန်

မြိတ်မြို့၊ မြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်မင်းသက်အောင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးအေးယု ၆/တသရ(နိုင်)၀၂၀၈၂၈ ဖြစ်ပါကြောင်း။

**ဦးအေးယု**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ အထက (အင်္ဂမော်)၊ Grade-8 မှ မမေမြတ်မိုး၏ ဖခင် ဦးကိုမျိုးနှင့် ဦးမောင်မျိုး ၇/ကဝန(နိုင်)၁၇၉၆၀၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကိုမျိုး(ခ)ဦးမောင်မျိုး**

## ဖခင်အမည်မှန်

ထားဝယ်မြို့နယ်၊ ကနိုင်းဒါရွာနေ အထက (၃) ထားဝယ် Grade-8(B) မှ မဟေမာန်လမင်း၏ ဖခင်ဦးလှဌေး၏ အမည်မှန်မှာ ဦးမောင်လှဌေး ၆/ထဝန(နိုင်)၀၇၆၂၀၇ ဖြစ်ပါကြောင်း။

**ဦးမောင်လှဌေး**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ မလိဝမ်းကျေးရွာ၊ အထက(မလိဝမ်း) Grade-8 မှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးချစ်ငွေဖြစ်ပါကြောင်း။

**ဦးချစ်ငွေ**

## မိခင်အမည်မှန်

ကျိုက်မရောမြို့၊ အလက(ခွဲ) ကော့ဝမ်းကျောင်း Grade-6 တန်းမှ မောင်ဇာနည်ရှိန်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စိန် ၁၀/ကမရ(နိုင်)၀၇၂၁၂၆ ဖြစ်ပါကြောင်း။

**ဒေါ်ခင်စိန်**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့၊ အထက (ပေါင်) ကျောင်း Grade-8 တန်းမှ မိဖြူဖြူမွန်၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်နှင်းမွန် ၁၀/ပမန(နိုင်) ၁၃၀၃၆၁ ဖြစ်ပါကြောင်း။

**ဒေါ်ခိုင်နှင်းမွန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/9222, Super Micro Bus (DSK-11), Micro Bus (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဆုမွန်လွင် ၁၂/ဗဟန(နိုင်)၀၈၃၀၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/6371, Jm(Jx5043), Van ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်အေးသက် ၆/မအရ(နိုင်)၀၀၀၇၆၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၄၃၃၅၇, Honda Dream 125, m/c ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းသူ ၈/ရနခ(နိုင်)၁၁၀၆၈၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၇) လမ်း၊ အမှတ်(၇၆၇)နေ (ဘ)ဦးသာစိန်၏ သမီးဖြစ်သူ ဒေါ်စံပယ်ဖြူထွေး (၁၂/ဥကမ(နိုင်)၀၅၈၂၇၃)၊ အသက် (၄၉) နှစ်သည် အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ နန္ဒဝန် ဈေးရှိ ဆိုင်ခန်းအမှတ် (ည-၄၃)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ ကျွန်မ ဒေါ်စံပယ်ဖြူထွေး အမည်ဖြင့် ချထားပေးသောဆိုင်ခန်း ဖြစ်ပါသည်။ အဆိုပါ ဆိုင်ခန်းနှင့်ပတ်သက်သည့် ဆိုင်ခန်းမှတ်ပုံတင်စာအုပ် အမှတ် (E 3406)မူရင်းမှာ အထားအသိုများယွင်းကာ ပျောက်ဆုံးသွားခဲ့ပါသည်။ မိမိသည် အဆိုပါဆိုင်ခန်းအား အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်းတို့ လုံးဝ မရှိပါကြောင်းနှင့် အရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါကလည်း မိမိကသာ အလုံးစုံပြီးပြတ်သည့်အထိ တာဝန်ယူ ဖြေရှင်းပေးသွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားနှင့်တကွ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု မရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ် ပါသည်။

**ဒေါ်စံပယ်ဖြူထွေး ၁၂/ဥကမ(နိုင်)၀၅၈၂၇၃**
**ဖုန်း-၀၉- ၉၅၇၆၄၆၃၉၆**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁) ရပ်ကွက်၊ ၇၃ လမ်း၊ ၁၀၂ အေလမ်းနှင့် ၁၀၇ လမ်းကြားရှိ မင်္ဂလာမန္တလေးအတွင်းမှ ဧရိယာ (၁.၈) ကေခန့် မြေပေါ်ရှိ မင်္ဂလာကွန်ဒိုမီနီယံတိုက်ခန်း (Tower-B) (၃) လွှာ၊ အခန်း (၁၀)၊ (၁၇၂၂ စတုရန်းပေ) အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်း သည် ဒေါ်ခင်ခင်ချို ဝယ်ယူပိုင်ဆိုင်လျက်ရှိသော ကွန်ဒိုတိုက်ခန်းဖြစ်ပါသည်။

လက်ရှိဝယ်ယူပိုင်ဆိုင်လျက်ရှိသူ ဒေါ်ခင်ခင်ချိုထံမှ အထက်ဖော်ပြပါ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁) ရပ်ကွက်၊ ၇၃ လမ်း၊ ၁၀၂-အေလမ်းနှင့် ၁၀၇ လမ်းကြားရှိ မင်္ဂလာမန္တလေးအတွင်းမှ ဧရိယာ (၁.၈) ကေခန့် မြေပေါ်ရှိ မင်္ဂလာကွန်ဒိုမီနီယံတိုက်ခန်း (Tower-B) (၃) လွှာ၊ အခန်း (၁၀)၊ (၁၇၂၂ စတုရန်းပေ) အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်း၊ ရေမီတာ (၁) လုံး၊ အိမ်သုံးလျှပ်စစ်မီတာ (၂) လုံး အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့် တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကြည်ကြည်ဝင်း (စဉ်-၁၁၂၆၃) (တရားလွှတ်တော်ရှေ့နေ)**
**ဒေါ်ပွင့်ရည်ဦး (ခ) ချောချော (စဉ်-၁၈၉၉၉) (တရားလွှတ်တော်ရှေ့နေ)**

**ဖုန်း-၀၉-၂၀၃၂၆၈၅၊ ၀၉-၂၀၂၀၄၇၇၊ ၀၉-၉၇၂၀၂၀၄၇၇၊ ၀၉-၇၇၄၄၈၀၅၄၉၊**
**လမ်း ၆၀၊ ၂၇x၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/7000, MERCEDES Benz E320, S/L (4x2) (L) ယာဉ်လက်ဝယ်ရှိသူ ဦးထွဋ်ခိုင်ဝင်း ၁၂/လမန(နိုင်)၁၅၂၉၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

